ကောင်းထွန်းစာပေ

ဘာသာရေးရှုထောင့်မှ သားသမီးတို့ကို လေ့လာသုံးသပ်ခြင်း

# မိဘပြစ်မှား ဆိုးကျိုးများ

သို့

# မိဘပြစ်မှားသူတို့၏ နိဂုံး

သကျဝံသ



ဘာသာရေးရှုထောင့်မှ သားသမီးတို့ကို လေ့လာသုံးသပ်ခြင်း

# မိဘပြစ်မှား ဆိုးကျိုးများ

နှင့်

## မိဘပြစ်မှားသူတို့၏ နိဂုံး

သကျဝံသ



ပုံနှိပ်မှတ်တမ်း

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်၊
အုပ်ရေ(၁၀၀၀)၊ တန်ဖိုး ၅၀၀-ကျပ်
မျက်နှာဖုံးဒီဇိုင်း။ အတွင်းပန်းချီ
ရှုပဟီက။ စောနိုင်ထွေး
ကွန်ပျူတာစာစီ
ကိုမျိုးအောင်
စာအုပ်ချုပ်
ကြူးကြူးမွေး
အတွင်းဖလင်
ကိုမိုးကြီး (ဖုန်း-၀၉၄၂၀၁၅၁၈၃၁)
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ
ဦးမောင်မောင်ထွဋ် (မြဲ-၀၂၂၃၂) စံထားမိုးအော့ဖ်ဆက်
အမှတ်(၂၇)၊ မာန်ပြေ-၂၀လမ်း(အရှေ့)၊ ၃-ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့
ထုတ်ဝေသူ
ဦးမောင်မောင်ထွဋ် (ကောင်းထွဋ်စာပေ)
အမှတ်(၂၇)၊ မာန်ပြေ-၂၀လမ်း(အရှေ့)၊ ၃-ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့
ဖြန့်ချိရေး
ကောင်းထွဋ်စာပေ
အမှတ်(၂၇)၊ မာန်ပြေ-၂၀လမ်း(အရှေ့)၊ ၃-ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၃၀၂၀၁၇၁၊ ၀၉ ၂၅၀၈၇၉၇၈၀

ဗိုလ်ချုပ်လမ်း၊ ဓမ္မာရုပ်ရှင်ရုံရှေ့ (၃၃)လမ်းနှင့် မျက်နှာချင်းဆိုင်၊
အထက်တန်းလက်မှတ်အရောင်းအနီး၊ ဘူတာကြီး၊ ရန်ကုန်မြို့
ဖုန်း-၀၉ ၇၃၀၂၀၁၇၁၊ ၀၉ ၂၅၀၈၇၉၇၈၀

ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း (CIP)

ဆင်ကျော့ဆ ၂၉၄:၃
မိဘပြစ်မှားသူတို့၏ ဆိုးကျိုးများ (သို့မဟုတ်) မိဘပြစ်မှားသူတို့၏ နိဂုံး
ကောင်းထွဋ်စာပေ၊ ၂၀၁၄၊ ရန်ကုန်။
၁၂၈-စာ၊ ၁၂ × ၁၈ စင်တီ။
(၁) မိဘပြစ်မှားသူတို့၏ ဆိုးကျိုးများ (သို့မဟုတ်) မိဘပြစ်မှားသူတို့၏ နိဂုံး

ဘာသာရေးရှုထောင့်မှ သားသမီးတို့ကို လေ့လာသုံးသပ်ခြင်း



# မိဘပြစ်မှား ဆိုးကျိုးများ

(သို့မဟုတ်)

## မိဘပြစ်မှားသူတို့၏ နိဂုံး

သကျဝံသ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါနကထာ အမှာစာ | |
| | (က) မိဘဟူသည် | |
| ၁။ | မာတာပိတု ဂုဏောအနန္တောဘုရားရှိခိုး | |
| ၂။ | မိဘဂုဏ်ရည်(၅)ပါး | |
| ၃။ | မိဘမေတ္တာပြဆိုရိုးစကားများ | |
| ၄။ | ဘယ်ပန်းချီကားရေးလို့မမီ | |
| ၅။ | ဗြဟ္မာကြီးဆိုတာ မိဘပါ | |
| ၆။ | အသက်သခင်ကျေးဇူးရှင်အစစ်ဟာမိဘပါ | |
| | (ခ) မိဘဂုဏ်ရည်စာပန်းချီ | |
| ၇။ | မေတ္တာပန်းချီကားချပ် (၁) | |
| | "ကြက်မကြီး၏မေတ္တာ" | |
| ၈။ | မေတ္တာပန်းချီကားချပ် (၂) | |
| | "တိုးအေးပေါ်က အိုမိခင်" | |
| ၉။ | မေတ္တာပန်းချီကားချပ် (၃) | |
| | "အဖြေမထွက်သည့်မေတ္တာ" | |

စဉ် အကြောင်းအရာ စာမျက်နှာ

(ဂ) သားသမီးဟူသည်

၁၀။ သားသမီး(၃)မျိုး

၁၁။ သားသမီးတို့၏တာဝန်ဝတ္တရားများ

၁၂။ သားသမီးကောင်းတို့၏အင်္ဂါ(၁၀)ပါး

၁၃။ ရခဲလှသည့်အခွင့်အရေးတစ်ခု

(ဃ) မိဘကျေးဇူးဆပ်ခဲ့ကြသူများ

၁၄။ သားကောင်းသားမြတ်ကွမ်းဆော်မင်း

၁၅။ သားကောင်းသားမြတ် ရာဇကုမာရမင်းသား

၁၆။ သားကောင်းသားမြတ် အလောင်းမင်းတရားကြီး

(င) နှစ်ဖြာမိဘလုပ်ကျွေးကြ

၁၇။ မိဘကိုလုပ်ကျွေးခြင်းဟူသည်

၁၈။ ငယ်ရွယ်သူတို့၏တာဝန်များ

၁၉။ မိဘကျေးဇူးကျေအောင်ဆပ်နည်း

၂၀။ စုန်ရေသာရှိ ဆန်ရေမရှိပါ

(စ) မိဘလုပ်ကျွေးကောင်းကျိုးပေး

၂၁။ မိဘလုပ်ကျွေးရသည့်အကျိုး

၂၂။ မိဘလုပ်ကျွေးရသည့်အကျိုးကျမ်းဂန်
လာအဆိုအမိန့်များ

စဉ် အကြောင်းအရာ စာမျက်နှာ

(ဆ) မိဘပြစ်မှားဆိုးကျိုးများ

၂၃။ မိဘမလုပ်ကျွေးဆိုးကျိုးပေး
၂၄။ မိဘပြစ်မှားဆိုးကျိုးများ

(ဇ) မိဘပြစ်မှားငရဲလား

၂၅။ သံသရာမှာ မင်းဘယ်ကိုသွားမလဲ
၂၆။ ငရဲပန်းကို ရွေးပန်းထင်သူ
၂၇။ ဒီအပူဘယ်သူကူလို့ငြိမ်းနိုင်မလဲ
၂၈။ မြေမျိုခံရသူဘဝ
၂၉။ ငယ်သော်ကသား ကြီးသော်ကျား
၃၀။ ငယ်သော်ကသမီး ကြီးသော်မီး
၃၁။ နိဂမကထာ ဆုမွန်ခြွေလွှာ



## နိဒါနကထာ အမှာစာ

ဤစာကို ဤခေတ်တွင် မွေးဖွားကြီးပြင်းလာခဲ့ကြသည့် သားသမီးများဖြစ်ကြသော လူငယ်တို့သည် ကျေးဇူးသိတတ်သော အသိစိတ်ဖြင့် ဖတ်ရှု၍ မွန်မြတ်သောနှလုံးသားဖြင့် ခံစားနားလည်ကြစေလိုပါသည်။

ဤသို့ နားလည်သည့် အလျောက် မိဘကျေးဇူး အထူးသိတတ်သော သားကောင်းသားမြတ်၊ သမီးကောင်း သမီးမြတ်များဖြစ်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်။ ဤဆန္ဒ၊ ဤရည်ရွယ်ချက်

ကောင်းထွန်းစာပေ

ကြောင့်ပင် ဤစာကို ရေးသားပြုစုတင်ပြ လိုက်ရခြင်းဖြစ်ပါသည်။

ဤသို့ ဆိုရခြင်း၏ အကြောင်းကား အောက်ပါ အကြောင်းများကြောင့်သာ ဖြစ်ပါ၏။ ယနေ့ကာလ အချို့ အချို့သော သားသမီးများသည် မိခင်ဖခင် ကျေးဇူးရှင်တို့အား တစ်ခွန်းမခံ ပြန်လှန်ပြောဆိုနေကြသည့် အသံများကို ကြားနေရသည်။ အချို့ဆိုလျှင် မိခင်ဖခင်တို့အား နင်, ငါ စသည့် အသုံးအနှုန်းအပြောအဆိုများဖြင့် ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုလာ ကြသည်အထိ ဝစီကံ အကုသိုလ်ကို ဈေးပေါပေါနှင့် ဝယ်ယူ နေကြသည်။

သားသမီးတို့သည် အမှန်ကို မြင်သင့်ကြလေပြီ၊ မိဘဟူသည် မိမိတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်များဖြစ်ကြောင်း ကောင်းစွာနားလည်ထားသင့်ကြသည်။ မိဘများ မှားနေစေဦးတော့ အကျိုးသင့်အကြောင်းသင့် ချိုသာယဉ်ကျေးစွာ ပြောဆိုရှင်းပြရမည်က မိမိတို့ သားသမီးများ၏ တာဝန်သာဖြစ်သည်။ သို့မှသာ သားသမီးကောင်းဟု အခေါ်ခံသင့်ကြသည်။

ယနေ့ကာလသည် ရုပ်ဝတ္ထုများ အလျှံပယ် တိုးတက်နေ

သည့်နှင့်အမျှ နာမ်ပိုင်းဆိုင်ရာ အသိအလိမ္မာ ကိုယ်ကျင့်တရား စာရိတ္တ အစရှိသည့် အရည်အသွေးတို့ ဆုတ်ယုတ်နေသည်ကို မျက်ဝါးထင် ထင်တွေ့မြင်နိုင်ကြပေသည်။


ရဟန်းသံဃာတော်များနှင့် ဆက်ဆံပြောဆိုရာ၌ လည်း ကောင်း၊ မိဘဆရာသခင်တို့အပေါ် ထားရှိသည့် သဘောထား များနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဝတ်စားဆင်ယင်မှု ပြောဆို ဆက်ဆံမှု၊ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းမှု အစရှိသည့် ကဏ္ဍများ ၌ လျော့ရဲအားနည်းလာသည်ကိုလည်း တွေ့ရှိနိုင်ကြပါသည်။

မိမိတို့သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများဖြစ်ကြသည့် အားလျော်စွာ ဘာသာတရားမှ လက်ဆင့်ကမ်းပေးဝေ လိုက်သည့် အသိအမြင် အတွေးအခေါ်တို့ကို လက်တွေ့ကျကျ အသုံးချလျက် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ ပြုမူပြောဆိုနေထိုင်သင့်ကြ ပေသည်။ သို့မှသာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးဟု ဆိုရကျိုးနပ်ကြ မည်ဖြစ်သည်။

ဤစာစုသည် ခေတ်ကာလသားသမီးများအား ဘာသာရေး

ရှုထောင့်မှနေ၍ မိဘ၊ သားသမီးတို့နှင့် ပတ်သက်သမျှ ထေရဝါဒ အဆုံးအမတို့ကို ရေးသားပြုစုတင်ပြထားခြင်းသာဖြစ်ပါသည်။ ဤစာစုကို ဖတ်ရှုကြသည့် သားသမီး ခေတ်လူငယ်လေးတို့သည် မိဘများ နှင့်စပ်လျဉ်း၍ ပြင်သင့်ပြင် ထိုက်သည့် ကာယကံ၊ ဝစီကံအမှားများကို သတိနှင့်ဆင်ခြင် ပြုပြင်နိုင်ကြသည်ဟုဆိုပါလျှင် စာရေးသူ အနေနှင့် ဝမ်းသာ ပီတိများစွာနှင့် ဤစာကို ရေးသားပြုစုရကျိုး နပ်ပြီဟု ယုံကြည်လျက် .....

*သကျဝံသ*





(က) မိတာဟူသည်

### ၁။ မာတာပီတုဂုဏော အနန္တော ဘုရားရှိခိုး

မာတာပီတုဂုဏော၊ အနန္တောဟု၊ အပြောကျယ်စွာ၊ သံသရာဝယ်၊ မာတာပီတာ၊ မိနှင့်ဘတို့၊ ကျေးကြည်ကာလ၊ တည်ဦးစပင်၊ ချိုချဉ်ပူစပ်၊ ရှင်းရှင်းပြတ်အောင်၊ မပြတ်ယုယ၊ မိဘတို့မှာ၊ စိုးရိမ်စွာဖြင့်၊ အစာဆိပ်မှဒေါ။ နို့ချိုပေး၍၊ မွေး သည့်မိခင်၊ ကျေးဇခင်ကို၊ အဟံ– တပည့်တော်သည်၊ ဝန္ဒေ ဝန္ဒာမိ–ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

❖ ❖ ❖

ကောင်းထွဋ်စာပေ

## ၂။ မိဘဂုဏ်ရည် (၅) ပါး

(၁) မကောင်းမှုကိုရှောင်ကြဉ်ရန် တားမြစ်လေ့ရှိ သောဂုဏ်၊
(၂) ကောင်းမှုကို ပြုလုပ်ရန် တိုက်တွန်း အားပေးလေ့ရှိ သောဂုဏ်၊
(၃) အတတ်ပညာ သင်ယူဆည်းပူးရန် အားပေးလေ့ရှိ သောဂုဏ်၊
(၄) အရင်းအနှီး အမွေအနှစ်များ နှမြောခြင်းမရှိ ခွဲဝေ ပေးလေ့ရှိသောဂုဏ်၊
(၅) သားသမီးတို့၏ လိုအင်ဆန္ဒကို ဖြည့်ဆည်း ပေးလေ့ရှိ သောဂုဏ်။

အထက်ပါ အနန္တော အနန္တ (၅)ပါး ဘုရားရှိခိုး လက်အုပ်နှင့် ဂုဏ်ရည် (၅)ပါးတို့ကို ထောက်ဆကြည့်ရုံနှင့် ပင် သားသမီးတို့အပေါ် ထားရှိသည့် မိဘနှစ်ပါး၏ မေတ္တာ စေတနာတို့ကို ခန့်မှန်းနိုင်ကြပါသည်။ ဤလောကကြီးထဲ၌ အတိုင်းမသိ ဂုဏ်ကျေးဇူးကြီးမားကြသည့် ပုဂ္ဂိုလ်ငါးယောက်တို့ကို အနန္တော အနန္တ ငါးပါးဟု ခေါ်သည်။

ဂုဏ်ကျေးဇူးဆိုသည့် စကားသည် တန်ဖိုးမဖြတ်နိုင်လောက်အောင် အနှိုင်းမဲ့ခြင်းပင် ဖြစ်သည်။ သားသမီးတို့အတွက် မိဘ

နစ်ပါးသည့် အနိုင်းမဲ့ကျေးဇူးရှင်ပင် ဖြစ်သည်။ ထို့ကြောင့်လည်း အနန္တော အနန္တဂိုဏ်းဝင်ဟု သတ်မှတ်ပြီး ဘုရားနှင့် တစ်ဂိုဏ်းတည်း ပြုထားခြင်းဖြစ်သည်။

မိဘဟူသည့်စကားသည် မာတာ+ပိတုဟူသော မဂဓ ပါဠိဘာသာမှ မြန်မာလို အမိ+အဖကို မိဘဟူ၍ ပေါင်း၍ ခေါ်ဆိုကြခြင်းဖြစ်သည်။ ဤ၌ အမိဟူသည် သားသမီးတို့၏ စိတ်နှလုံးကို ရွှင်ပြုံးကြည်နူးစေ၍ သားသမီးတို့ကို လူ့လောကထဲသို့ ရောက်အောင် မွေးဆောင်ပေးတတ်သောကြောင့် အမိ (သို့)အမေဟု ခေါ်ရခြင်းဖြစ်သည်။

အဖ(အဖေ)သည်လည်း သားသမီးတို့နှင့်တကွ ဇနီး မယားကို တစ်သက်လုံး ရှာဖွေကျွေးမွေး ပြုစုစောင့်ရှောက်တတ်သောကြောင့် အဖေဟုခေါ်ရခြင်းဖြစ်သည်။ အမေသည် သားသမီးကိုယ်ဝန်တည်သည့် အချိန်မှစ၍ မွေးဖွားသည့်ကာလ၊ အရွယ်ရောက် လူလားမြောက်သည့်တိုင်အောင် အေးမြကြည်လင်သည့် မေတ္တာနှလုံးသားဖြင့် ထာဝစဉ်စောင့်ရှောက်တတ်ကြသည်။ ထို့ကြောင့် အမေသည် သားသမီးတို့အတွက် နားခိုရာ အေးမြသည့် သစ်ရိပ်ဖြစ်သလို အနိုင်းမဲ့ ကရုဏာ ရင်ခွင်လည်းဖြစ်သည်။

ထို့အတူ အဖေသည်လည်း သားသမီးတို့၏ ဘဝသာယာစိုပြည်ရေး၊ အန္တရာယ်မကျရောက်စေရေးအတွက် သေတပန်သက်တဆုံး

စောင့်ရှောက်တတ်သည့် အနိုင်းမဲ့ကျေးဇူး ရှင်သာလျှင်ဖြစ်သည်
ထို့ကြောင့်လည်း "မိဘရှိသေ အသက်ရှည်၊ မိဘလုပ်ကျွေး သူဌေ
ဖြစ်၊ မိဘစော်ကား ဆင်းရဲသွား၊ မိဘပြစ်မှား ငရဲလား" ဟူသည
အကျိုးအပြစ်ပြ ဆောင်ပုဒ်တို့ ကို ထောက်ဆဆင်ခြင် သတိသံဝေ
ယူလျက် မိမိတို့၏ အပြုအမူ အပြောအဆိုနှင့်တကွ မိဘတို့အပေ
ထားရှိသည့် မိမိ တို့၏ သဘောထားတို့ကို အချိန်မနှောင်းမီ ပြုပြ
ကြစေချင်ပါသည်။

❖ ❖ ❖

၃။ မိဘမေတ္တာပြ ဆိုရိုးစကားများ

- ရင်သွေးဟူက ချစ်မဝ
- မွေးမိဆံထုံး ရွှေပန်းကုံး
- မျက်လုံးပမာ သားသည်းချာ
- ရှုလို့မအား မယ့်ချစ်သား
- ရှုလို့မငြီး ချစ်သမီး

ကောင်းထွန်းဓာဝ

- မွေးမိမျက်ခြယ် သားသက်လယ်
- သက်နှံ့ရင်နှစ် မေ့သားချစ်
- သားသမီးကို မုန်းတယ်လို့ ဘယ်ခါမရှိ
- တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိသည်
  သားသမီးဆိုးကို ပစ်ရိုးထုံးစံမရှိပါ။
- သားတို့ရုပ်ရည် သီတာမည်သား
  ရေကြည်ချမ်းမြ တစ်ပေါက်ကျက
  မိဘတို့ဝမ်း ငြိမ်းစေတမ်းတည်း။

စသည့် ဆိုရိုးစကားတို့ဖြင့် ရှေးကပညာရှိများသည် မိဘမေတ္တာကို ဖော်ကျူးခဲ့သည်။ မိဘနှစ်ပါး၏ သားသမီးအပေါ် ထားရှိသည့် ချစ်ခြင်းမေတ္တာသည် အပေါ်အရေခွံထူကိုဖြတ်၍ အရေပါးထိအောင် အရေပါးမှ တစ်ဖန် အသားထိအောင်၊ အသားကိုဖြတ်၍ အရိုးထိအောင်၊ အရိုးကိုဖြတ်၍ ရိုးတွင်း ခြင်ဆီခိုက်အောင် စူးရှထိခိုက်သွားကြသည်။ မိဘနှစ်ပါးသည် သားသမီးတို့အပေါ်၌ ယာဝဇီဝ ဤသို့ မေတ္တာထားလေ့ရှိ ကြသည်။ မိမိတို့သားသမီးများသည် မိဘအပေါ် ဤသဘောထားမျိုးရှိပါသလောဟု ပြန်လှန်ဆန်းစစ်ကြည့်စေလိုပါသည်။

❖ ❖ ❖

## ၄။ ဘယ်ပန်းချီ ရေးလို့မမီ

သားသမီးတို့အပေါ် ထားရှိသည့် မိဘမေတ္တာကို မည်သို့သော ပန်းချီကျော်မျှ 'မီအောင်မရေးဆွဲနိုင်ခဲ့ကြပေ။ ကျေးဇူးကြီးလှ မိနှင့်ဖတို့၏ ဂုဏ်ရည်ကို ရှေးဆရာတော် ကြီးများနှင့် ပညာရှိကြီးများက ဥပမာ အမျိုးမျိုးပေး၍ နိုင်းနှိုင်းဖော်ပြထားကြသည်။

(၁) ယူဇနာ နှစ်သိန်းလေးသောင်းအထုရှိသော မြေကြီးသည် မိဘကျေးဇူးနှင့် နှိုင်းဆသော်၊ ဝါးရွက်မျှသာ ရှိသည်။

(၂) ယူဇနာ တစ်သန်းနှစ်သိန်းသုံးထောင်လေးရာ ငါးဆယ် ကျယ်သည့် စကြဝဠာတိုက်ကြီး သည် မိဘကျေးဇူးနှ နှိုင်းဆသော် အပ်န ဖားမျှသာရှိသည်။

(၃) ယူဇနာပေါင်း ရှစ်သောင်းလေးထောင်အမြင့်ဆော သည့် မြင်းမိုရ်တောင်မင်းသည်လည်း မိဘကျေးဇူး နှိုင်းယှဉ်ပါက တောင်ပို့ငယ်မျှသာရှိသည်။

(၄) ယူဇနာရှစ်သောင်းလေးထောင် အပြောကျယ်သ မဟာသမုဒ္ဒရာကြီးသည် မိဘကျေးဇူး နှင့်နှိုင်းယှ က ရေပွက်လောက်သာရှိသည်။

ကောင်းထွန်းစာပေ

ထို့ပြင် မိဘကျေးဇူးကြီးမားလှပုံကို ဆရာတော် များသည် အောက်ပါအတိုင်း စပ်ဆို ဂုဏ်ပြုခဲ့ကြလေသည်။

ရှင်မဟာရဋ္ဌသာရ၏ လက်သစ်တောင်တာ ဆုံးမစာ၌ ...

"လက်သစ်တောင်တာ၊ ယှူဇနာပေါင်း၊ တာပြန်လောင်းသော်၊ ရှစ်သောင်းလေးထောင်၊ အမြင့်ဆောင်သား၊ တောင်မြင်းမိုရ်ရှိ၊ ဂုဏ်ကြီးဘိသည်၊ မွေးမိဖခင် ကျေးဇူးရှင်" ဟူ၍ လည်းကောင်း။

အတုလဆရာတော် ခင်ကြီးပျော်၏ ပုဏ္ဏောဝါဒ ဆုံးမစာတွင် ...

"ရှစ်သိန်းလေးသောင်း၊ ပေါင်းသည့်ဤမြေ၊ ထုထုထွေလင်း၊ စိမ်းရွှေထွားထွား၊ ဝါးရှက်လားသို့၊ ကျယ်လျား စကြဝဠာ၊ ကြီးရောလည်း၊ အပ်မှာနဖား၊ ထွင်း၏လားနှင့်၊ မပြားပုံဆို၊ တောင်မြင်းမိုရ်လည်း၊ နွားချိုပေါက်စ၊ ပမာကျ၏၊ နက်လှစွာရှောင်း၊ ရှစ်သောင်းလေးထောင်၊ ရေဖောင်ဖောင်နှင့်၊ သဲသောင်သမုဒ္ဒရာ၊ ရေများစွာလည်း၊ ပမာမလောက်၊ မိုးရေ ပေါက်သို့၊ အံ့လောက်စရာ၊ မိမာတာနှင့် ပီတာအဖ၊ မြတ်ဂုဏအား" ဟူ၍လည်းကောင်း။

မဟာဝိသုဒ္ဓါရုံဆရာတော်ကလည်း ...

''မြင်းမိုရ်တောင်ဦး၊ မကကျူးသည့်၊ ကျေးဇူးသနင်း၊ မိဘရင်း'' ဟူ၍လည်းကောင်း။

ကန်တော်မင်ကျောင်းဆရာတော်၏ လောကသာရ ဆုံးမစာ၌ ...

''လေးကျွန်းထိပ်ခေါင်၊ မြင်းမိုရ်တောင်နှင့်၊ ချိန်ဆောင် နှိုင်းလည်း၊ အတိုင်းမသိ၊ ကျေးဇူးရှိသည်'' ဟူ၍ လည်းကောင်း။

ပုဏ္ဏောဝါဒဆုံးမစာတွင်ကား ...

''မွေးမိဆံထုံး၊ ရွှေပန်းကုံးသို့၊ နှလုံးဝမ်းက၊ သတ်မှတ် ရသည့်၊ သားလှရွှေတောင်၊ မိမျက်နှာ၊ မောင်ငယ် သားထွေး၊ နာဘိ သေးလော၊ ရှေးရှေးဘဝ၊ သံသာရ၌၊ မောင်ဘနှင့်ငါ၊ ရေသွန်းပါ၍၊ ဟသာမောင်နှံ၊ ငှက်သဏ္ဍာန်သို့၊ တူစံလှည့်ရာ၊ ခွဲလာသန္ဓေ၊ နေသည့်ကာလ၊ သားလှ ချမ်းသာ၊ ရစိမ့်ငှာဟု၊ ပူဇာစပ်ခါ၊ မစားတို့ရ၊ ထကြွဖြည်းဖြည်း၊ ကိုယ်ရေးကိုယ်ထက်၊ ဆယ်ဆတက်၍၊ နှစ် သက်ကြင်နာ၊ မောင့်ကိုသာလျှင်၊ ချမ်းသာစေကြောင်း၊ လက်ဆယ် ချောင်းကို၊ ခေါင်းမှာရွက်တင်၊ မျက်နှာမြင်လည်း၊ ရွှေစင်အလား၊ သားယောကျ်ားကို၊ ငါ့အားမြင်လို၊ တောင်းဆုဆို၍၊ ညတိုင်ရေချမ်း၊

နံနက်ဆွမ်းနှင့်၊ ဖြန့်မွှမ်းတုလွတ်၊ သုံးလူ့နတ်ကို၊ မိမြတ်ပူဇော်တုံ၏တည်း'' ဟု ဘယ်ပန်းချီရေးလို့မမီသည့် မိဘတို့၏ ဂုဏ်ရည်ကို စာပန်းချီလက်ာခြယ်မှုန်းဂုဏ်ပြုခဲ့ ကြသည်။

ဤဆုံးမစာလင်္ကာ၏ အဓိပ္ပာယ်ကား စကားပြေပြန်စရာမလိုအောင်ပင် ရှင်းလင်းလှသည့်အတွက် ကဗျာကျေးဇူး စာကျေးဇူးနှင့် မိဘကျေးဇူးကို အထူးသိမြင်နိုင်သည့် ဆုံးမစာပင်ဖြစ်သည်။ ဤသို့ မိဘတို့၏ ဂုဏ်ကျေးဇူးတို့ကို အထပ်ထပ် တင်ပြနေရခြင်းသည်ကား ... ယနေ့ခေတ် လူငယ်လေး များ၏ မိဘတို့အပေါ် ထားရှိသည့် စိတ်နေစိတ်ထား၊ အမူအကျင့်၊ အပြောအဆိုတို့ကို သတိထားဆင်ခြင် မြှုပြင်စေချင်သည့်အတွက်ကြောင့်ပင် ဖြစ်ပါသည်။

ယနေ့ခေတ် အချို့ အချို့သော လူငယ်လေးများသည် ဘာသာတရား၏ ငြိမ်းကျောင်း လမ်းညွှန်မှုအောက်တွင် မနေခဲ့ရသည့်အတွက် မိဘတို့အပေါ်ထားရှိသည့် ကာယကံ၊ ဝစီကံဆိုင်ရာ ယဉ်ကျေးမှုများ ပျက်စီးချို့ယွင်းနေကြသည်ကို တွေ့မြင်ကြားသိနေရပေသည်။ အချို့ဆိုလျှင် နင်, ငါ စသည်ဖြင့် မိခင်ဖခင်တို့ကို မဖွယ်မရာ အသုံးအနှုန်းတို့ဖြင့် ပြောဆိုဆက်ဆံနေသည်ကို ကြားရသည်မှာ ထိတ်လန့်စရာ ကောင်းလှပါဘိ။

ကောင်းထွန်းစာပေ

အချို့က ပို၍ပင်ဆိုးသေးသည်။ ရုပ်ကြမ်းဝါဒဖြင့် "ခင်ဗျားတို့ ဟိုဒင်း ဟိုဟာပြုပြီး မွေးလာတာ၊ ခင်ဗျားတို့မှာ ကျွေးရမွေးရမယ့်တာဝန်ရှိတာပဲ၊ မိဘကျေးဇူးဆိုတာ အလကား" ဟူသည့် စကားမျိုးကိုပင် ပြောဆိုတတ်ကြသည်။ ထိုလူငယ်လေးများ၏ ရှေ့ရေးကား ရင်လေးစရာ ကောင်းလှပေစွ။

သားသမီးအတွက် မျက်ရည်ပင်လယ်ဝေနေကြရသည့် မိခင်များကိုလည်း လူမှုဝန်းကျင်၌ အထင်းသား တွေ့မြင်နေရသည်။ အနီလူငယ်လေးအချို့သည် မိမိတို့ဘာသာ "သံသရာတွင် မင်းဘယ်ကိုသွားမလဲ" ဟု ပြန်လှန်မေးခွန်း ထုတ်ကြည့်စေလိုပါသည်။ "မိဘမျက်ရည်တစ်စက် သားသမီးဆင်းရဲတစ်သက်" ဟူသည့် ဆိုရိုးစကားကိုလည်းကောင်း၊ "မိဘစကား နားထောင်ငြားက၊ သံပြားကျောက်စောင်း၊ ကျိုးသော်ပြောင်း၏" ဟူသည့် ဆိုရိုးစကားကို လည်းကောင်း၊ ရှေးလူကြီးသူမတို့သည် အလကား လေကုန်ခံ အချိန်ကုန်ခံ၍ ပြောခဲ့ဆိုခဲ့ခြင်းမဟုတ်ကြောင်း ဤခေတ် လူငယ်လေးများ၊ အလေးတမူ အရေးယူ၍ သတိပြုရှောင်ကြဉ် ဆင်ခြင်သင့်ကြပေစွ။

❖ ❖ ❖

## ၅။ ပြဟ္မာကြီးဆိုတာ မိဘပါ

ပြဟ္မာကြီးတို့သည် ၁။ ချစ်ခြင်း (မေတ္တာ)၊ ၂။ သနားခြင်း (ကရုဏာ)၊ ၃။ ဝမ်းမြောက်ခြင်း (မုဒိတာ)၊ ၄။ လျစ်လျူရှုခြင်း(ဥပေက္ခာ) ပြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထား၍ အမြဲနေလေ့ရှိသကဲ့သို့ မိဘတို့သည်လည်း သားသမီးများအပေါ်၌ ပြဟ္မစိုရ်တရား အမြဲထားကြသည်။ ထို့ကြောင့် "ပြဟ္မာကြီးဟူ၊ မည်ထိုက်သူ၊ နှစ်ဆူ မိနှင့်ဘ" ဆိုသည့် လင်္ကာနှင့်အညီ "ပြဟ္မဒေဝဂုဏ်"ဖြင့် ပြဟ္မာကြီးဟူ၍ ခေါ်ကြခြင်းဖြစ်သည်။

မေတ္တာထားပုံကား ... မိခင်သည် မမြင်ရသေးသည့် ရင်သွေးငယ်ကို လွယ်ထားရသည့်အခါကပင်လျှင် ခြေ လက်အင်္ဂါအပြည့်အစုံနှင့် လှပတင့်တယ်သည့် သားလူလူ၊ ချစ်မငြီးသည့် သမီးငယ်၏ မျက်နှာကို ဘယ်သောအခါတွင် (ဘယ်ရက်၊ ဘယ်နေ့တွင်) တွေ့မြင်ရပါမည်နည်းဟု တွေးတော၍ မေတ္တာထားကြစမြဲပင်။ မွေးဖွားလာသည့်အခါ၌လည်း အနားမှတစ်ဖဝါးမှမခွာ အမြဲနေစေလိုသည်။ အချိန်ခါအရွယ်ရောက် လူလားမြောက်၍ သိုက်မြုံက ပျံထွက်သွားသည့် အဝေးရောက် သားသမီးတို့ကိုလည်း မေတ္တာပို့သမြဲပင်ဖြစ် သည်။ ရပ်ဝေးနေသားသမီး တစ်ခုခုဖြစ်သည်၊ သေကျေပျက်စီးသွားပြီဟုသိရလျှင်

ရင်ကွဲမတတ် ခံစားရသည်မှာ လည်း သားသမီးတို့အပေါ်ထားရှိသည့် မေတ္တာကြောင့်သာ လျှင်ဖြစ်သည်။

ကရုဏာဖြစ်ပုံသည်ကား မိဘတို့သည် သားသမီးများ ငိုသံ၊ ညည်းညူသံကို ဘယ်အခါမှ မကြားလိုကြသကဲ့သို့ ဆင်းရဲပင်ပန်း ဒုက္ခရောက်မှုကိုလည်း တစ်စက်ကလေးသော်မှ မမြင်မတွေ့လိုကြပေ။ ကြားရတွေ့ရပါကလည်း မိခင် ဖခင်တို့မှာ ကိုယ်တိုင်ခံစားရပြီး သနား ခြင်းကရုဏာ ဖြစ်ပေါ်လာသည်။

"အမေတို့ အဖေတို့ရဲ့ ရင်ထဲမှာ ဒီသတင်းကြားရ တာ မချိလိုက်တာ လူလေးရယ်"

"ငါ့သားသာ အဆင်ပြေအောင်နေပါ၊ အမေတို့အတွက် ဘာမှ မပူနဲ့နော်"

"ငါ့သားလေးမှ ဖြစ်မှ ဖြစ်ရလေတယ်"

"မင်းတို့ကို မြင်ရတာ စိတ်မချမ်းသာလိုက်တာကွာ"

"သမီးဒုက္ခကို အမေ မကြည့်ရက်ပါဘူးကွယ်"

အထက်ပါစကားတို့သည် သားသမီးတို့ကို သနားရာမှ ဖြင့် ပေါ်လာသည့် မိဘတို့၏ ရင်တွင်းခံစားချက်ပြယုဂ် အချို့ပင်ဖြစ်ပ

သည်။

မုဒိတာဖြစ်သည်မှာကား ... သားငယ် သမီးငယ် လေး မပီကလာ ပီကလာနှင့် တွတ်တီးတွတ်တာ စကားပြောတတ်လျှင်၊ လမ်းလျှောက်တတ်စပြုလျှင်၊ မိဘနှစ်ပါးတို့သည် ဝမ်းအမြောက်ကြီး ဝမ်းမြောက်နေကြသည်။ ကြီးပြင်းလာပြီး သားသမီးများ ဝတ်ကောင်း စားလှ ဝတ်ရစားရတာ မြင်ရလျှင် တိုက်ကြီး၊ ကားကြီးနှင့်နေရလျှင်၊ ရာထူးဂုဏ်ရှိန်ရသည်ကို မြင်ရတွေ့ရလျှင် မိဘတို့၏ ရင်တွင်းမှ မုဒိတာသည် လယ်ပြင် ဆင်သွားသလို ထင်ရှားစွာ ဖြစ်ပေါ်လာ ကြသည်။

ဥပေက္ခာဖြစ်ပုံကား .... သားသမီးများ အချိန်တန် အရွယ်ရောက်၍ ပစ္စည်းဉစ္စာ တင့်တင့်တယ်တယ်၊ ပြည့်ပြည့် စုံစုံနှင့် နေထိုင်ကြသည်ကိုပင် မြင်ရလျှင် "အင်း–သူတို့လည်း သူတို့ ခြေထောက်ပေါ် သူတို့ ရပ်တည်နေနိုင်ကြပြီပဲ" ဟု တွေးကာ လျစ်လျူရှု (ဥပေက္ခာ) တရားနှင့် နေကြသည်။

ထို့ကြောင့် မိမိတို့အပေါ် အမြဲတမ်း ဗြဟ္မစိုရ်တရားနှင့် နေ လေ့ရှိသောကြောင့် ဗြဟ္မာကြီးဟု အခေါ်ခံထိုက်သူ မိခင်ဖခင်တို့အား သားသမီးတို့သည် ဗြဟ္မာနတ်ကို ပူဇော်သကဲ့သို့ ပူဇော်ရမည်ဖြစ်

ပါသည်။ ဥပမာ အားဖြင့် အိမ်တွင်း မင်းမဟာဂီရိ ဦးရှင်ကြီး၊ နံ့ကရိုင်း အစရှိသည့် နတ်စိမ်းတို့ကို ရိုသေလေးစားသည်ထက် မိဘနှစ်ပါးကို ရိုသေလေးစားကြရန် လိုအပ်ပါကြောင်း အထူးတိုက်တွန်းအပ်ပါသည်။

❖ ❖ ❖

## ၆။ အသက်သခင် ကျေးဇူးရှင်အစစ်ဟာ မိဘပါ

ယနေ့ ခေတ်လူလေးများသည် မိခင် ဖခင်တို့၏ ကျေးဇူးကို သိတတ်၍ ပြန်ဆပ်တတ်ဖို့လည်း အထူးအရေးကြီးလှ၏။ စဉ်းစားကြည့်စေလိုပါ၏။ လူ့ဘဝပတ်ဝန်းကျင်၌ မိမိဒုက္ခရောက်သည့်အခါ၊ အခက်အခဲနှင့်ကြုံသည့်အခါ ငွေအား လူအား အကြံဉာဏ်အားဖြင့် အကူအညီပေးလာသည့် သူများရှိကြသည်။ ထိုသူများသည် ကျေးဇူး ရှင် ဖြစ်သည်။

ထိုသူများထက်ပို၍ အိမ်ဦးနတ်ဖြစ်သည့် မိခင်ဖခင် တို့၏ ကျေးဇူးက ပို၍ကြီးမားပါလားဟု သားသမီးတို့သည် အမြဲနှလုံးသွင်း ထားအပ်ပေသည်။ သားသမီးတို့၏ ကျေးဇူးရှင်အစစ်ကား မိဘ

နှစ်ပါးပင်ဖြစ်သည်။ အဘယ်ကြောင့်ပါနည်း။ မိခင်သည် ပဋိသန္ဓေ (ကိုယ်ဝန်)ရှိကာတည်းကပင် ဝမ်း၌လွယ်ထားရသည့် မမြင်ရသေးသော သားငယ် သမီး ငယ်လေး အသက်ရှင်လျက် မွေးလာနိုင်စေရန် အစား အသောက် အနေအထိုင်တို့ကို ဆင်ခြင်ခဲ့ရသည်။

ဆင်ခြင်ခဲ့ရသည်မှာ တစ်ရက်မဟုတ် တစ်လမဟုတ်ချေ။ ကိုးလလွယ်ကျော် ဆယ်လနီးပါး သတိပြုဆင်ခြင်ခဲ့ရခြင်းဖြစ်သည်၊ ပဋိသန္ဓေ (ကိုယ်ဝန်)ကို ကာကွယ်စောင့်ရှောက် ခဲ့ကြရသည်။ ဖွားမြင်သည့် အခါတွင်လည်း "ယောကျ်ားဖောင်စီး၊ မိန်းမမီးနေ" ဆိုသည့်အတိုင်း သေဘေးနှင့်အနီးကပ်ဆုံး ရင်ဆိုင်ရသူမှာ မိခင်သာဖြစ်သည်။

ဤခေတ် လူငယ်လေးများ နဖူးပေါ်လက်တင်၍ ဆင်ခြင် တွေးတော ကြည့်စေလိုပါသည်။ အကယ်၍ ကိုယ်ဝန်ရှိသည့်အချိန်မှ မွေးဖွားလာသည့်တိုင် အမေဖြစ်သူသည် မဆင်ခြင်ခဲ့ပါက မိမိတို့သည် မည်သို့မျှ လူ့လောကထဲသို့ ရောက်လာစရာ၊ လူဖြစ်စရာအကြောင်း မရှိတော့ပေ။ အချို့ အချို့သော လူငယ်လေးများသည်လည်း ယခုကဲ့သို့ မိဘကို ပြစ်မှား စော်ကားနိုင်သည့် အခြေအနေ၊ တစ်ခွန်းမကျန်ပြန် ပြောနိုင်သည့် အခွင့်အရေး မည်သို့မျှရနိုင်စရာအကြောင်း မရှိတော့ ချေ။

ဤလောက၌ မိခင်၏ ဝမ်းထဲမှာနေစဉ် သန္ဓေ တည်စ ပထမ (၇)ရက်အတွင်းမှာပင် သေဆုံးခဲ့သည့်သူပေါင်း (လူ့လောကထဲ မရောက်ခဲ့သည့်သူပေါင်း) အနန္တရှိကြသည်။

အမြှုပ်ဖြစ်သော ဒုတိယ (၇)ရက်အတွင်း၌ သေဆုံးခဲ့သူပေါင်း အသင်္ချေအနန္တ။

သားတစ်ဖြစ်စ စတုတ္ထ (၇) ရက်၌ သေဆုံးခဲ့သူ ပေါင်း အနန္တ။

ခက်မငါးဖြာစုံသည့် ပဥ္စမ (၇)ရက်၌ သေဆုံးခဲ့သူ ပေါင်း အနန္တ။

မမွေးမီ ကိုယ်ဝန်ပျက်ကြ၍ သေဆုံးခဲ့ရသူပေါင်း အနန္တ။

မွေးပြီးစမှာပင် သေဆုံးခဲ့သူပေါင်း အနန္တရှိခဲ့ကြ၊ ရှိဆဲ၊ ရှိလိမ့်ဦးမည်သာ ဖြစ်ပါသည်။

ယခု မိမိတို့သည်ကား လူမဖြစ်မီ၊ လူလားမမြောက်မီ သေ ဆုံးရမည့်ဘေးတို့ကို အမေ့၏ ကျေးဇူးကြောင့် ကိုယ်ဝန်ပျက်မကျ ရအောင် ကာကွယ်စောင့်ရှောက်ခဲ့ခြင်းကြောင့် လူဖြစ်လာရခြင်း၊ ယခုကဲ့သို့ တစ်ခွန်းမကျန် နှင်ပဲငဆပြန် ပြောနိုင်ခြင်း၊ စော်ကားပြစ်မှား

နိုင်ခြင်းပါလားဟူ၍ အမှန်ကိုမြင်လျက် မိမိတို့၏ အပြုအမူ အပြော အဆိုတို့ကို ဆင်ခြင်သင့်လှပါပေစွ။

ထို့အပြင် ... မိမိတို့ လူဖြစ်လာကြရာ၌ မိခင်၏ ကျေးဇူးကား သည်ထက်မက ကြီးမားလှသည့်အကြောင်း ထပ်လောင်း၍ တင်ပြပါဦးမည်။

အကယ်၍သာ မိခင်က နို့မတိုက်ခဲ့ပါလျှင် ...

ရက်စက်သည့် စိတ်ထားနှင့် မညှာမတာ ကိုင်တွယ်ခဲ့ပါလျှင် ငယ်စဉ်ကပင် သေဆုံးခဲ့ပေမည်။

မိခင်က အစားမရှောင်၊ အသွားမရှောင်ခဲ့လျှင်လည်းကောင်း၊ အချို့ အချို့သော မိခင်များကဲ့သို့ လူသိမခံရဲသည့် အကြောင်းတစ်မျိုးမျိုးကြောင့် အမိုက်ပုံ လမ်းဘေး၌ မိမိတို့ကို စွန့်ထားခဲ့လျှင် မွေးကင်းစကလေးကို မြေတူးပြီး မြှုပ်ထားခဲ့လျှင် မိမိသည် အဘယ်သို့ အသက်ရှင်ပါဦးမည်နည်း။ အဘယ်သို့လျှင် လူဖြစ်ပါဦးမည်နည်း။

ဤသို့ လူမှုမဖြစ်ခဲ့လျှင် မိမိသည် ယခုကဲ့သို့ ပြန်ပြောစော်ကား၊ ပြစ်မှားနိုင်သည့် အခွင့်အရေးရလိမ့်မည် မဟုတ်သည်ကသေချာလှ၏။ ထို့ကြောင့် မိဘနှစ်ပါး (မိခင်)က ကိုယ်ဝန်ကို အသက်

ပေးစောင့်ရှောက်လာခဲ့သောကြောင့်သာလျှင် မိမိ ဤအခြေအနေသို့ ရောက်လာကြောင်း သဘောပေါက်လျက် အသက်သခင်ကျေးဇူးရှင် အစစ်သည် ကား မိခင်ဖခင်တို့ပင် ဖြစ်ပါကြောင်း လေးလေးနက်နက် ဆင်ခြင်၍ အချို့သော လူငယ်လေးများ ညီမငယ်များသည် မိမိတို့၏ အပြုအမူ အပြောအဆိုတို့ကို အချိန်မနှောင်းခင် ပြင်ဆင်နိုင်ကြပါစေကြောင်း ထပ်လောင်း၍ နှိုးဆော်အပ်ပါသည်။

➤ ➤ ➤



(ခ) မိဘဂုဏ်ရည် စာပန်းချီ

၇။ မေတ္တာ ပန်းချီကားချပ် (၁)

'ကြက်မကြီး၏ မေတ္တာ'

"ကမ္ဘာမီးလောင် သားကောင်ချနင်း" ဟူသည့် စကားပုံကို အားလုံးကြားဖူးကြပါသည်။ သတ္တဝါမှန်သမျှ မိမိကိုယ်ကို အချစ်ဆုံး ဖြစ်သည်။ "ကမ္ဘာမီးလောင်သည့်အတွက် အပူဒဏ်ကို မခံနိုင်ပါက မိမိ၏ ရင်သွေးကိုပင် မသက်ညှာနိုင်ဘဲ အပူဒဏ်သက်သာစေရန် မြေကြီးပေါ်ချနင်းရသည်" ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

ထို့အတူပင် လူသည် ကြီးမားသည့် ဘေးဒုက္ခနှင့် တွေ့ကြုံလာပါက မည်သူ့ကိုမှ မငဲ့ကွက်နိုင် မိမိလွတ်ရာ လွတ်ကြောင်းသာ

လုပ်ဆောင်ရမည်ဟူသည့် စကားပုံကပေး သည့် ဒဿနပင်ဖြစ်သည်။ ဤစကားပုံအရ ဆန်းစစ်ကြည့်လျှင် မီးအဝိုင်းခံနေရသည့်မိဘကို ကယ်ဆယ်သည့် သားသမီး ဘယ်မျှရှိ၍ မီးအဝိုင်းခံနေရသည့် သားသမီးကို ကယ်ဆယ်သည့် မိဘ ဘယ်နှစ်ဦးရှိသည်ဟု စာရင်းကောက်ကြည့် ရပါမည်။

လူမှုနယ်ပယ်၌ မိဘတို့ကို အသက်စွန့်၍ ဝင်ရောက်ကယ်ဆယ်သည့် သားသမီး မရှိမဟုတ် ရှိနိုင်ပါသည်။ သို့သော် နည်းပါး ပါလိမ့်မည်။ မီးဝိုင်းခံနေရသည့် သားသမီးကို ကယ်ဆယ်သည့် မိဘကား သက်သေပြ၍ရပါသည်။

တောစပ်ချုံပုတ်အတွင်း တောကြက်မကြီး ဥထားသည့် ကြက်ဥ ၆–လုံး ၇–လုံးအရတွင် ဥမှသားပေါက်စေရန် တောကြက်မ ဝပ်နေသည်။ ထိုအခိုက် တောမီးလောင်၍ ချုံပုတ်ကို မီးစွဲတော့သည်။ ဝပ်နေသည့် တောကြက်မသည် ဝပ်နေရာမှ ထလာပြီး တောက်လောင်နေသည့် တောမီးကို အတောင်ဖြင့် ငြိမ်းသတ်ရန် ကြိုးစားရှာသည်။

သို့သော် အားကောင်းစွာ လောင်လာသည့် မီးအား တောကြက်မ ငြိမ်းသတ်ရန် အဘယ်သို့လျှင် ငြိမ်းပါမည်နည်း။ တောမီး မငြိမ်းသည့်အပြင် မီးငြိမ်းနေသည့် တောကြက်မ၏ တောင်ပံကို မီးစွဲ၍ သေဆုံးခဲ့ရရှာသည်။ မမြင်ရသေးသည့် သားသမီးများအတွက်

အသက်အသေခံ ချစ်ပြသွားသည့် တောကြွက်မ၏ မိခင်မေတ္တာကား အံ့ချီးဖွယ်ကောင်းလှပါဘိ။

ထို့အတူ မိမိ သားသမီး ကြွက်ပေါက်ကလေးများကို စွန့်ရဲလာသုတ်သည့်အခါ မနိုင်မှန်းသိလျက် အသက်အသေခံ၍ ခုခံကာကွယ်သွားသည့် ကြွက်မကြီး၏ သတ္တိသည်လည်းကောင်း၊ "လိပ်ဥပျောက်လို့ လိပ်မရှာ သူ့ခင်မျာ ငိုမဲ့ ငိုမဲ့" ဟူသည့် ကဗျာနှင့်အညီ ဥထားခဲ့သည့် သားသမီးများ ကို အငေးတစ်နေရာမှ မေတ္တာပို့နေသည့် လိပ်မကြီး၊ ဥပျောက်သွားသည့်အခါ (လိပ်ဥတူး၍ လူများယူသွားသည့်အခါ) မတွေ့သည့်အဆုံး အသေခံသွားသည့် လိပ်မကြီး၏ မေတ္တာသည်လည်းကောင်း၊ မိခင်မေတ္တာ သာဓကပြစရာ အလှပဆုံး ပန်းချီကားများပင် မဟုတ်ပါလော။

တိရစ္ဆာန်များသော်မှ သားသမီးများအတွက် အသက်အသေခံချစ်ပြသွားကြသေးသည်ဟုဆိုပါလျှင် အသိဉာဏ်ရှိသည့် လူသားမိခင်သည် အဘယ်မှာလျှင် သားသမီးကို မချစ်ဘဲ ရှိပါအံ့နည်း။ အိမ်ကိုမီးလောင်သည့်အခါ အိမ်ထဲတွင်ကျန် နေခဲ့သည့် သားသမီးများကို အသက်အသေခံ၍ ပင်ကာယ် ကြသည့် မိဘများလည်း လူ့ပတ်ဝန်းကျင်တွင် ရှိပြီး၊ ရှိဆဲ ရှိနေကြပါဦးမည်သာ ဖြစ်ပါတော့သည်။

❖ ❖ ❖

ကောင်းထွန်းစာပေ

## ဂ။ မေတ္တာ ပန်းချီကားချပ် (၂)

### 'တိုးအေးပေါ်က အို မိခင်'

ယခုဖော်ပြမည့် အဖြစ်အပျက်သည်ကား မိခင်မေတ္တာနှင့် ပတ်သက်၍ ရင်နင့်ကြေကွဲစရာ ဖြစ်ရပ်သာဖြစ်ပါ၏။ မြန်မာသက္ကရာဇ် ၁၃၃၃–ခု၊ ခရစ်နှစ် ၁၉၇၁ ခုနှစ် ဝန်းကျင်ခန့်ကပင်ဖြစ်သည်။ 'ရန်ကုန်–ပန်းဆိုးတန်း ဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ပြေးဆွဲနေသည့် "တိုးအေး"အမည်ရှိ ဇရာဝတီနှစ်ထပ်သင်္ဘောသည် နိုင်ငံခြားသင်္ဘောတစ်စင်းနှင့် တိုက်မိပြီး နစ်မြုပ်ခဲ့ရသည်။

ထိုစဉ်က သေဆုံးခဲ့သူများသည်လည်း မနည်းလှချေ။ ဤမျှကြေကွဲဖွယ်ရာကောင်းလှသည့် ဖြစ်ရပ်နှင့် မြင်ကွင်းအား "ကဗျာဆရာကြီး သမိန်သောင်း"က အောက်ပါအတိုင်း ဖွဲ့နွဲ့စပ်ဆိုသီကုံးခဲ့သည်။

♦ *မမျှော်မလင့်၊ မိုးကြိုးသင့်သို့*
*ရင်နင့်ဖွယ်ရာ၊ သည်းဆတ်ခါမျှ*
*ကြမ္မာကံဆိုး၊ လွမ်းဖွယ်ပျိုးသည့်*
*တိုးအေးနစ်သော ထိုတစ်နေ့ ...။*

♦ *ထိုနေ့မှသည်၊ ညညနေ့နေ့*

*မြင်တွေ့မဖောကာင်း၊ သည့်မြစ်ကြောင်းမှာ*
*အလောင်းထပ်မျှ မြင်နေရခဲ့ ...။*

ဤသို့ဖြင့် တိုးအေးသဝေါ်ကြီး နစ်မြုပ်ပြီး (၁၅) ရက်လောက်အကြာတွင် ရေအောက်မှ လူသေအလောင်းများ ရေပေါ်ကို ပေါ်လာခဲ့ကြသည်။ ရင်နင့်ကြေကွဲစရာမြင်ကွင်းသည်ကား ပေါ်လာကြသည့် အလောင်းများစွာတို့တွင် မိခင်တစ်ယောက်လည်း ပါလာခဲ့သည်။ မိခင်သည် ရင်သွေးငယ် သားကလေးကို ရင်ခွင်မှာပိုက်၍ ပေါ်လာခြင်းဖြစ်သည်။ မိခင်မေတ္တာကို ဖော်ကျူးထားသည့် မေတ္တာပန်းချီကားသည်ကား လက်ရာမြောက်လှပါဘိ။

ထိုမြင်ကွင်းအား ကဗျာဆရာကြီးက အောက်ပါ အတိုင်း စံစားဖွဲ့ဆိုခဲ့သည်။

- *နေ့ရက်လျှား၍၊ ဆယ့်ငါးရက်မြောက်*
  *ခါချိန်ရောက်မှ၊ ရေအောက်ကပေါ်*
  *တိုးအေးပေါ်ဝယ်၊ ညှိုးရော်ကြေကွဲ*
  *မိခင်ဖွဲ့ကို၊ အသည်းနင့်ဖွယ်မြင်ရသည် ...။*
- *အရိုးစုမျှ ကြွင်းသော်မှပင်*
  *ချစ်လှရင်သွေး၊ သူ့ကလေးအား*

*ထွေးဆဲပိုက်ဆဲ၊ ယုယဆဲပါ*
*သဲသဲမဲမဲပြနေသူ ...။*

*ရေစီးကလှိုင်း လှိုင်းကပုတ်၍*
*စုပ်သည့်ရေမွှား၊ စားသည့်ရေပိုး*
*အကြောင်းဆိုးလည်း၊ တိုးကာထပ်ကာ*
*မေ့သည်းချာအား၊ မကွာမကွဲ ပိုက်ထွေးဆဲ ...။*

အထက်ပါကဗျာကို ဖတ်၍ စဉ်းစားကြည့်မိပါသည်။ အကယ်၍ ထိုစဉ်က မိခင်ဖြစ်သူသာ တစ်ကိုယ်ကောင်းဆန်ပြီး ကူးခတ်ပြေးခဲ့မည်ဆိုပါက လွတ်ကောင်းလွတ်သွားနိုင်ပါသည်။ သို့သော် အမေဖြစ်သူသည် သားငယ်ကို ချစ်သည့် မေတ္တာကြောင့် သူပါရော၍ အသေခံသွားရှာသည်။

ဤသည်ကို ထောက်ဆ၍ "ကမ္ဘာမီးလောင် သားကောင်ချနင်း"၊ "ကိုယ်မရှိ အမိသော်လည်း သားတော်ခဲ" ဟူသည့် စကားပုံများ မမှန်ဘူးဟူ၍ အမေက သက်သေပြလိုက်ခြင်းပင်ဖြစ်သည်၊ ထိုအကြောင်းကိုလည်း ကဗျာ ဆရာကြီးက ကောက်ချက်ချပြထားပြန်သည်။

*အို ... မိခင် သင်တော်းကင်းရာ*

ကောင်းထွန့်စာပေ

ကူးခတ်ပါ၍ လွတ်ရာအဝေး
ပြေးနိုင်ပါလျက်၊ မပြေးရက်၍
အသက် စတေးလိုက်ရော့သလား ...။

အို ... မိခင်၊ ကိုယ်လျှင်မချို
အမိသော်လည်း။ သားတော်ခိုဟာ
ရွှဲလာဆိုထုံး။ စကားလုံးကို
ချေမှုန်းတော်လှန်လိုက်ရော့သလား ...။

ကဗျာဆရာကြီးက မိခင်မေတ္တာတရားကို ကဗျာနှင့် ဦးညွတ်၍ အဆုံးသတ်ခဲ့လေပြီတည်း။

အို ... မိခင်၊ သင်နှင့်အတူ
သင့်သည်းအူနယ်၊ ရည်တူပြည့်သိပ်
မိခင်စိတ်ဖြင့်၊ ယှိုဖိတ်မေတ္တာ
စေတနာကို၊ ခါခါဦးညွှတ်လိုက်ပါ၏။

ဖော်ပြပါကဗျာထဲက တိုးအေးပေါ်မှ မိခင်တစ် ယောက်၏ ရင်နင့်ကြေကွဲဖွယ်ဖြစ်ရပ်ကို ထောက်ဆ၍ ယနေ့ ခေတ်လူငယ်လေးတို့သည် မိခင်မေတ္တာကြီးမားပုံကို သိရှိ နားလည်ပြီး အမှားကြဉ်၍ အမှန်မြင်နိုင်ကြပါစေဟု နိုးဆော်လိုက်ပါသည်။

ကောင်းထွန်းစာပေ

## ၉။ မေတ္တာ ပန်းချီကားချပ် (၃)

## 'အပြေမထွက်သည့် မေတ္တာ'

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး နန်းစံစဉ် ဖြစ်သည်။ မိဖုရားသည် မှားယွင်းသည့်အကျင့်ကို ကျင့်သည့် အတွက် မင်းကြီးက ခေါ်၍မေးမြန်းရာ မိဖုရားက လိမ်ညာ၍ ကျိန်ဆိုခဲ့သည်။ မိဖုရားလည်း လိမ်ညာမိပြီဟူသည့် နောင်တများစွာနှင့်အတူ စိတ်မချမ်းမသာဖြစ်ပြီး မကြာမီ နတ်ရွာလားခဲ့ရာသည်။

ထိုမိဖုရားသည် သူကျိန်စာဆိုခဲ့သည့်အတိုင်း တောင်ခြေ တစ်ခု၌ ''အဿမုခီ'' ဘီလူးမဖြစ်လာသည်။ ဘီလူးမသည် လိုဏ်ဂူ ထဲတွင်နေရင်း ဝေဿဝဏ်နတ်မင်းကို ခစားခဲ့သည့်အတွက် အလျား ယူဇနာ သုံးဆယ်၊ အနံ ငါးယူဇနာအတွင်း၌ရှိသော လူတို့ကို ဖမ်းစား ခွင့်ရခဲ့သည်။

တစ်နေ့တွင် ချမ်းသာကြွယ်ဝပြီး ရုပ်ရည်အဆင်း လှပသည့် ပုဏ္ဏားပျိုတစ်ယောက် အခြံအရံများနှင့်အတူ ခရီးထွက်လာခဲ့ရာ ဘီလူးမနေသည့် တောင်ခြေရင်းသို့ ရောက်လာသည်။ ဘီလူးမသည် ပုဏ္ဏားပျိုကို မြင်လျှင်မြင်ချင်း ချစ်ခင်နှစ်သက်မိသည့်အတွက်

ပုဏ္ဏားပျိုကိုဖမ်းပြီး ဂူထဲတွင် လင်သားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့သည်။



ဘီလူးမသည် ပုဏ္ဏားပျိုကို ချစ်ခင်နှစ်သက်မိသည့်အတွက် ပုဏ္ဏားပျိုကို ဖမ်းပြီး ဂူထဲတွင် လင်သားအဖြစ် ပေါင်းသင်းနေထိုင်ပုံ

ကောင်းထွန်းစာပေ

ဤသို့ဖြင့် ပေါင်းသင်း၍ အတန်ကြာရာ သားတစ်ယောက် ဖွားမြင်လာသည်။ ဘီလူးမသည် သားကိုသခင်၊ လင်ကိုဘုရားအမှတ်ဖြင့် ချစ်ခင်မြတ်နိုးစွာ ရှာဖွေကျွေးမွေးထားခဲ့သည်။ သို့သော် လင်နှင့်သား ထွက်ပြေးမှာစိုးသည့်အတွက် သူအစာရှာထွက်သွားတိုင်း လိုဏ်ဂူကို ကျောက်တုံးဖြင့် ပိတ်ထားခဲ့သည်။ တစ်နေ့တွင် ဖြစ်သည်။ အစာရှာထွက်ရာမှ ပြန်လာသည့် ဘီလူးမသည် လိုဏ်ဂူအပြင်ဘက်၌ ရပ်နေသည့် သားအဖနှစ်ယောက်ကို မြင်ရသည်နှင့် မေးမြန်းစစ်ဆေးလိုက်သည်။

"လိုဏ်ဂူဝမှာ ပိတ်ဆို့ထားတဲ့ ကျောက်တုံးကို ဘယ်သူ ဖယ်ရှားတာလဲ"။

"အမေ၊ အမှောင်ထဲမှာ မနေချင်လို့ သားဖယ် လိုက်တာပါ"

ဘီလူးမလည်း သားကိုချစ်သည့် စိတ်ကြောင့် မည်သို့မျှ အပြစ်မဆိုခဲ့ချေ။ ဤသို့ဖြင့် တစ်နေ့တွင် သားဖြစ်သူ "ပဒကုသလ" က ဖခင်ကိုစူးစမ်းကြည့်လိုက်သည်။

"အမေနဲ့အဖေနဲ့ ဘယ်လိုကြောင့် ရုပ်ရည်ချင်းမတူတာလဲ"

"လူလေးရဲ့မိခင်က ဘီလူးမကွယ်၊ တို့သားအဖက လူသား ဆိုတော့ ဘယ်လိုလုပ်ပြီးတူမှာလဲ သားရယ်"

"ဒါဆို ဘာကြောင့် ဒီမှာနေရတာလဲ၊ လူ့လောကထဲ သွားကြရအောင်လားဗျာ"

"တို့သားအဖ ထွက်ပြေးရင် မင်းအမေက ပြန်ဖမ်းပြီး ငါတို့သားအဖကို စားပစ်လိမ့်မယ်"

"မကြောက်ပါနဲ့ အဖေရယ်၊ ထွက်ပြေးဖို့ ကျွန်တော့် တာဝန်ထားပါ"

နောက်တစ်ခုနေ့ မိခင် အစာရှာထွက်သွားသည်နှင့် အလောင်းတော် ပဒကုသလသည် အဖေကို ထမ်းပြီး လိုဏ်ဂူမှ ထွက်ပြေးလာသည်၊ ဘီလူးမပြန်လာ၍ သားအဖ နှစ်ယောက်ကို မတွေ့သည့်အခါ နောက်မှ ခြေရာခံလျက် လေဓါလျှင်မြန်ခြင်းမျိုးနှင့် လိုက်လာသည်။ ပြန်လည်ဖမ်း မိသည်နှင့် လင်ဖြစ်သူကို မေးတော့သည်။

"ရှင် ဘာကြောင့် ထွက်ပြေးတာလဲ၊ ဒီအရပ်မှာ ဘာလိုအပ်လို့လဲ"

"ရှင်မ ငါ့ကို မမေးနဲ့၊ သားကိုပဲ မေးကြည့်ပါ"

ဘီလူးမသည် ခွန်အားကြီးမားလှသည့် သားလက်ချက်မှန်း သိသွားသည့်အခါ သားကိုချစ်သည့် စိတ်က ကြီးမားလှသည့်အတွက် အပြစ်တစ်ရုံတစ်ရာ မဆိုတော့ဘဲ ချော့မော့ပြောဆို၍ ပြန်ခေါ်လာခဲ့သည်။ ဤသို့ဖြင့် ထွက်ပြေးလေတိုင်း ပြန်မိသည့်အတွက် "ပဒ

ကုသလ" စဉ်းစားရလေပြီ။

"အင်း ... အမေရဲ့ပိုင်တဲ့အရပ်ဟာ အပိုင်းအခြား အကန့် အသတ်တော့ရှိရမယ်၊ အဲဒါကို သိအောင်မေးပြီးတော့မှ လွတ်အောင်ပြေးနိုင်မှာ ဖြစ်တယ်"

မကြာမီ မိခင်ဘီလူးမက ပြောပြသဖြင့် ပိုင်ရာအရပ်ကိုသိခဲ့ရသည်။ ပဒကုသလလည်း မိခင်ယုံကြည်လာစေရန် နှစ်ရက်သုံးရက်ခန့် စောင့်နေသေးသည်။ နောက်တစ်ရက် မိခင်တောထဲသို့ သွားသည်နှင့် ဖခင်ကိုထမ်း၍ လျင်မြန်သော အဟုန်နှင့်ပြေးလာခဲ့ရာ မကြာမီ မိခင်၏ ပိုင်နက်နယ်မြေ အဆုံးဖြစ်သည့် မြစ်ကမ်းနားသို့ ရောက်လာတော့သည်။

ဘီလူးမလည်း ထုံးစံအတိုင်း လေ၏ လျင်မြန်ခြင်း မျိုးနှင့် လိုက်လာသည်။ ထိုအချိန်၌ ဖခင်ကို ထမ်းထားသည့် ပဒကုသလကား မြစ်လယ်သို့ပင် ရောက်နေလေပြီ။ ဘီလူးမ သည်လည်း မိမိပိုင်နက်က လွန်နေပြီဖြစ်သည့်အတွက် ဆက် မလိုက်နိုင်သောကြောင့် ကမ်းနားတွင်ရပ်ပြီး ...

"လူလေး ... မင်းအဖေနဲ့အတူ ပြန်လာခဲ့ပါ သားရယ်၊ အမေ့မှာ ဘယ်လိုအပြစ်တွေရှိလို့ ဘာတွေလိုအပ်လို့ အခုလို လုပ်ရတာလဲဟင်၊ သား ပြောပြပါလား သားလေးရယ်" ဟု သားကို



မိမိပိုင်နက်မှ လွန်နေပြီဖြစ်သည့်အတွက် ဆက်မလိုက်နိုင်သောကြောင့် မိခင် ဘီလူးမ ကမ်းနားတွင်ရပ်၍ အလောင်းတော် "ပဒကုသ" ကို "ပြန်လာခဲ့ပါ သားရယ်" တောင်းပန်နေရာပုံ

ကောင်းထွဋ်တာဝ

တတွတ်တွတ် ဖောင်းပန်နေရှာသည်။

အလောင်းတော် ပဒကာ့သလသည်လည်း ...

"အမေနဲ့ ကျွန်တော်တို့ ဘဝချင်းမတူလို့ပါဗျာ၊ လူ့သား ဖြစ်တဲ့ ကျွန်တော်တို့ အမေ့ထံမှာ ထာဝရဦနေဖို့ဆိုတာ မဖြစ်နိုင် လွန်းလို့ပါ" ဟု ပြန်လည်ရှင်းပြလိုက်သည်။

"သား လူလေး၊ တကယ်ပြန်မလာတော့ဘူးလား"

"တကယ် မလာတော့ပါဘူး အမေ"

"အင်း – ခက်ပြီ လူလေး တကယ်ပြန်မလာတော့ ဘူးဆိုရင် လူ့လောကမှာ အသက်မွေးနိုင်ဖို့ "စိန္တာမဏိမန္တန်" ကို သင်ယူသွားပါဦး လူလေးရယ်"

ဘီလူးမသည်လည်း သားနှင့်လင်ကို ခွဲရတော့မည်ကိုသိ၍ ရင်ကွဲလုမတတ် ခံစားနေရသော်လည်း သားကို ချစ်သည့်အတွက် ခံစားနေရသည့် ဝေဒနာကို သည်းခံပြီး မန္တန်ကို သင်ပေးလေတော့ သည်။ အလောင်းတော်လည်း မြစ်လယ်တွင်ရပ်လျက်ကပင် မိခင်ကို ရှိခိုးပြီး အလွန်ရိုသေစွာ မန္တန်ကို သင်ယူသည်။ သင်ယူပြီးသည်နှင့် အလောင်းတော်က ...

"အမေ၊ အမေ့နေရာကို ပြန်ပါတော့နော်" ဟု ချော့ မော့ပြောဆိုလေသည်။

ကောင်းထွန်းစာပေ

"ဘယ်လိုပြောလိုက်တာလဲ လူလေးရယ်၊ လူလေး တို့နဲ့ ခွဲပြီး အမေတစ်ယောက်တည်း အသက်ရှင်နေနိုင်မှာ မဟုတ်ပါဘူး ကွယ်"

အသသမုခ်ဘိက်လူးမသည်လည်း ဤသို့ပြောဆိုပြီး သည့်ခဏ မှပင် သားနှင့်ခွဲရမည့် စိုးရိမ်သောကစိတ်တို့ကြောင့် ရင်ကွဲနာကျပြီး သေဆုံးရှာလေတော့သည်။ (၅၅၀–နဝက နိပါတ်–ပဒကုသလဇာတ်)

ဤဇာတ်တော်အရ လူသားစားဘီလူးမပင် ဖြစ်စေကာမူ သားကိုချစ်သည့် ချစ်ခြင်းမေတ္တာကြောင့် ရင်ကွဲနာကျလု ဆဲဆဲမှာပင် မန္တန်ကိုသင်ပေးရှာသည့် မေတ္တာထုထည်ကား ကြီးမားလှပါဘိ။ ဤမျှ ကြီးမားလှသည့် ချစ်ခြင်းမေတ္တာကို ကွန်ပျူတာ၊ ဂဏန်းတို့ဖြင့် တွက်ချက် တိုင်းတာသော်မှ အဖြေမထွက်နိုင်သည်က ကောန်ပင်ဖြစ်ပါလေတော့ သည်။

➢ ➢ ➢



## (၈) သားသမီးမှာသည်

''ရဟန်းတို့ ... ကောင်းစွာသိမြင်တတ်သော ပညာရှိ မိဘတို့သည် ငါတို့ မွေးမြူထားသော သားသမီးတို့သည် ငါတို့အား ပြန်လည်လုပ်ကျွေးကြလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် သားသမီး များကို အလိုရှိကြကုန်၏။ ထို့ကြောင့် ပြုဖူးသော ကျေးဇူးကို သိသော သူတော်ကောင်းတို့သည် ရှေးကပြုဖူးသည်ကို အပြန်ပြန်အောက်မေ့ လျက် မိဘတို့ကို ပြုစုလုပ်ကျွေးရာ၏''

(အင်္ဂုတ္တိုရ် ပဥ္စကနိပါတ်–ပုတ္တသုတ်

ကောင်းထွန်းစာပေ

သဒ္ဒါကျမ်းတတ်ဆရာမြတ်တို့က "မိဘတို့၏ စိတ်နှလုံးကို ပြည့်ဝစေတတ်သောကြောင့် သားသမီးခေါ်သည် ဟု" ဖွင့်ဆိုပြကြသည်။ ဤအဆိုအရ မိဘတို့၏ စိတ်ဆန္ဒ မျှော်လင့်ချက်တို့ကို ပြန်လည်ပြည့်ဝအောင် ဖြည့်ဆည်းနိုင်မှသာ သားသမီးဟု ဆိုနိုင်မည်။ ထို့အပြင် မဟာသုတသောမမင်း ပေါရိသာဒကို ဆုံးမရာ၌လည်း .. "အိုမင်းသော မိဘကို မလုပ်ကျွေးသော သားသမီးကို သားသမီး မမည် မခေါ်ထိုက်ကြောင်း" ဩဝါဒပေးထားသည်။

သိင်္ဂါလောဝါဒသုတ်တွင် ဘုရားရှင်ဟောကြားတော် မူခဲ့သော ကျင့်ဝတ်ငါးပါးနှင့်ညီသည့် သူတို့သာလျှင် သားသမီးအမည်ခံယူ ပိုင်ခွင့်ရှိသည်ဟု သိထားရပါမည်။ မိဘနှစ်ပါးက သားသမီးဆယ်ယောက်ကို ကျွေးနိုင်သော်လည်း သားသမီးဆယ်ယောက်၊ မိဘတစ်ယောက်ကို ဝမ်းဝအောင်မကျွေး နိုင်ဟူသည့်အတိုင်း ဤသို့ပြန်လှန် မကျွေးနိုင်သော သူသည်လည်း သားသမီးအမည် မခံထိုက်ချေ။ ထို့ကြောင့် ယနေ့ ခေတ်ကာလ လူငယ်လေးများသည် သားသမီးပီသစေရန် မိခင်ဖခင်တို့အား တတ်စွမ်းသမျှ ကျွေးမွေးပြုစုကြရန် အထူးတိုက်တွန်းအပ်ပါသည်။

❖ ❖ ❖

ကောင်းထွန်းစာပေ

## ၁၀။ သားသမီး (၃) မျိုး

ကျမ်းဂန်တို့၌ သားသမီး (၃)မျိုးရှိကြောင်း မိန့်ဆိုထားကြသည်။ ၎င်းတို့မှာ (၁) အတိဇာတ သားသမီး၊ (၂) အနုဇာတသားသမီးနှင့် (၃) အဝဇာတသားသမီးတို့ပင် ဖြစ်ကြသည်။

### ၁။ အတိဇာတ သားသမီး

မိဘတို့ထက်ပို၍ အသိဉာဏ်ကြီးမား၍ လိမ္မာယဉ်ကျေးသည်။ မိဘနှစ်ပါး၏ အရည်အချင်းထက်ပို၍ တတ်သိ လိမ္မာပြီး အရာရာတွင် အမြင်ကျယ်လျက် သူတစ်ပါးကျေးဇူးကို ပြန်လည်ထပ်ပြန်တတ်သည်။ ခင်ပွန်းကြီး (၁၀)ပါးကို မပြစ်မှားဘဲ ပူဇော်ကြသည်။ လူကြီးလူငယ် နေရာနှင့်လိုက်လျောအောင် ရိုသေလေးစားဆက်ဆံပြောဆိုတတ်သည်။ ရတနာသုံးပါး မိဘဆရာသမားတို့၏ ကျေးဇူးကို သိတတ်ပြီး ရိုသေစွာ ဆည်းကပ်လုပ်ကျွေးတတ်သည်။ ငါးပါးသီလမြဲ၍ ရိုးသားဖြောင့်မတ်တည်ကြည်သည်။ သစ္စာ သမာဓိရှိ၍ အသိဉာဏ် ကြွယ်ဝသူဖြစ်သည်။

## ၂။ အနုဇာတသားသမီး

မိဘတို့နှင့်တန်းတူ အသိဉာဏ်ရှိ၍ လိမ္မာယဉ်ကျေးပြီး မိဘ ခြေရာနင်းနိုင်ကြသည်။ မိဘတို့ တတ်သိလိမ္မာသဖြင့် ကြီးပွားတိုး တက်အောင် စွမ်းဆောင်နိုင်သမျှ သားသမီးတို့ကလည်း တတ်သိလိမ္မာ တတ်စွမ်းနိုင်ကြသည်။ မိဘတို့ ရတနာသုံးပါးကို ဆည်းကပ်သလို သားသမီးများကလည်း ဆည်းကပ်ကြသည်။ မိဘများ သီလလုံခြုံ သလို အလှူဒါနပြုသလို သူတို့လည်း ပြုကြသည်။ ဤကဲ့သို့ မိဘ တို့နှင့် ထပ်တူညီမျှ၍ မိဘခြေရာနင်းနိုင်သော သားသမီးများ ဖြစ် ကြသည်။

## ၃။ အဝဇာတ သားသမီး

ငယ်စဉ်က ပညာမသင်၊ မိဘစကားနားမထောင်၊ ကာလနှ ကာဆန်ပြုလုပ်ပြောဆိုနေကြသည့် သားသမီးများ။ ရတနာသုံးပါးကို မကြည်ညို၊ ဒါနသီလနှင့် ဝေးလာခဲ့၏။ အကုသိုလ်ဒုစရိုက်များ၌သာ ပျော်မွေ့နေကြသည့်သူများ။ သူတစ်ပါးကျေးဇူးကို နားမလည်၊ မိဘကျေးဇူးလည်း မသိတတ်သော သားသမီးများသည် မိဘအကျိ

နိမ့်ကျသည့်၊ ယုတ်မာသည့် သားသမီးများဖြစ်ကြသည်။

ထိုသားဆိုး သမီးဆိုးများသည် လူ့လောကထဲ အချည်းနှီး ရောက်လာကြသူများဖြစ်၍ လူ(၄)မျိုးတွင် လူ့တိရစ္ဆာန်၊ လူပြိတ္တာ၊ လူ့ငရဲသားများသာ ဖြစ်ကြသည်။ တိရစ္ဆာန်များကဲ့သို့ အိပ်၊ စား၊ ကာမ ဤသုံးမျိုးသာ သိကြသည့် သားသမီးများသာ ဖြစ်ကြသည်။

အထက်ပါ သားသမီးသုံးမျိုးတွင် မိမိတို့သည် မည်သည့်အမျိုးအစား၌ ပါဝင်သည်ကို မိမိတို့ဘာသာ ဆန်းစစ်ကြည့်ကြစေလိုပါသည်။ တတိယအမျိုးအစား သားသမီး မျိုး၌ ပါဝင်နေပါက မိမိတို့သည် လူဘဝရကျိုးမနပ်၊ ဆန်ကုန်မြေလေး ဖြစ်နေကြပြီဟူ၍ အမှန်တိုမြင်၍ ပြင်ဆင်နိုင်ကြ ပါစေကြောင်း တိုက်တွန်းအပ်ပါသည်။

❖ ❖ ❖

## ၁၁။ သားသမီးတို့၏ တာဝန်ဝတ္တရားများ

တာဝန်သိသူ၌ တာဝန်အမြတ်တမ်းရှိသည်။ ဝတ္တရားကိုသိသူ အတွက် ဝတ္တရားသည် အမြဲတမ်းစောင့်မျှော်နေသည်။ ဤစကားအရ သားသမီးကောင်းတို့၌ မဖြစ်မနေထမ်းဆောင်ရမည့် တာဝန်ဝတ္တရား များရှိကြသည်။ ၎င်းတာဝန် ဝတ္တရားများကား –

- ညအိပ်ရာဝင်သည့်အခါ မိဘနှစ်ပါးကို ရှိခိုး၍ အိပ်ရမည်။
- ခရီးဝေးသွားသည့်အခါ မိဘတို့ကို ရှိခိုးပြီးမှ ထွက်ရမည်။
- မိဘများ အဝေးတွင်ရှိပါက ရည်မှန်း၍ ရှိခိုးရမည်။
- မိဘနှစ်ပါးကို အမြဲမပြတ် ရိုသေလေးစား မြတ်နိုးရမည်။
- မိဘတို့ နှစ်သက်သည့် အစားအသောက်တို့ကို ကျွေးမွေး ရမည်။
- မိဘများကြိုက်နှစ်သက်သည့် အဝတ်အစားတို့ကို ဝယ် ယူဝတ်ဆင်ပေးရမည်။
- မိဘနှစ်ပါးကို စိတ်ချမ်းသာအောင် ထားရမည်။

◆ မိဘတို့၏ ဝေယျာဝစ္စများကို ပြုလုပ်ဆောင်ရွက်ပေးရမည်။

ဖော်ပြပါ တာဝန်ဝတ္တရားများကို မိမိတို့အဘာယ်မျှ ကျေပွန်၍ အဘာယ်မျှချို့ယွင်းလစ်ဟာနေသည်ကို ထောက်ဆ၍ သားသမီးကောင်းဟုတ်မဟုတ်ဆိုသည်ကို တိုင်းတာ ဆုံးဖြတ်အပ်ပါ၏။ တာဝန်ကျေ၏၊ မကျေ၏၊ ဝတ္တရားပြည့်စုံသည် မပြည့်စုံသည်ဆိုခြင်းအား အထက်ဖော်ပြပါ စံပေတံ များနှင့် တိုင်းတာဆုံးဖြတ်ရမည်ဖြစ်သည်။

❖ ❖ ❖

## ၁၂။ သားသမီးကောင်းတို့၏ အင်္ဂါ(၁၀)ပါး

၂၁-ရာစု၊ ယနေ့ခေတ်ကာလ မိဘများအတွက် သားသမီးကောင်းရှိဖို့အရေးသည် အထူးအရေးကြီးလှ၏။ အထူးအရေးကြီးသည်ဟု စိုးသေသနနှင့်ဆိုရခြင်းကား ယနေ့ကာလတွင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာတိုးတက်သလောက် နာမ်ပိုင်းဆိုင်ရာ အင်အားများ၊ အတွေးအမြင်များ၊ အသိတရားများ ဆုတ်ယုတ်နိမ့်ပါးနေသောကြောင့်ပင် ဖြစ်ပါသည်။

အထူးသဖြင့် နှောင်တစ်ခေတ်တွင် နိုင်ငံကို ဦးဆောင်ကြရမည့် လူငယ်လေးများအတွင်း၌ ဘာသာရေး အသိအမြင်များ ဆုတ်ယုတ် နေကြသည်။ ရဟန်းသံဃာတော်များနှင့် ဆက်ဆံပြောဆိုမှုအပိုင်း၊ မိဘတို့အပေါ်ထားရှိသည့် သဘောထားအမြင်တို့သည် ယခင်နှင့်မတူဘဲ နိမ့်ကျနေကြ သည်ကား အမှန်ပင်ဖြစ်သည်။

ရှေးက မိဘ၊ ဘိုးဘွား၊ လူကြီးသူမတို့သည် လမ်းခရီး၌ ရဟန်းသံဃာတော်တို့နှင့် ပက်ပင်းရင်ဆိုင်တွေ့ရလျှင် လမ်းဘေးတွင် ဆင်း၍ ရပ်နေကြသည်။ အချို့က ထိုင်၍ပင် ရှိခိုးဦးချကြသေးသည်။ ရှေးကလူများသည် လူကြီးသူမ မိဘတို့နှင့် စကားပြောဆိုသည့်အခါ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံခဲ့ကြသည်။ သွားရာလာရာ၌ သိမ်မွေ့ကြသလို ပြောဆိုရာ၌လည်း ယဉ်ကျေးကြသည်။ အတုယူ အားကျဖွယ်ကောင်းလှပါဘိ။

ယနေ့ကာလတွင်ကား အချို့လူငယ်တို့သည် ရဟန်း သံဃာများနှင့် ပက်ပင်းတွေ့လျှင် ဝင်တိုက်တော့ မတတ်ပင် ဖြစ်နေသည်ကို မြင်တွေ့နေရလေပြီ။ အဆုံး စကားဆိုရပါလျှင် ရဟန်းသံဃာတော်များ နှင့် ပြောဆိုဆက်ဆံရာ၌ပင် ဘာသာသာသနာနှင့် မအပ်စပ်သည့် အသုံးအနှုန်းတို့ဖြင့် ပြောဆိုဆက်ဆံလာကြသည်ကို တွေ့မြင်ကြားသိ

နေရသည်။ "တင်ပါ့ဘုရား" "မှန်ပါ့ဘုရား" နေရာတွင် "ဟုတ်"-ဟူသည့်စကားကို တွင်ကျယ်စွာ အသုံးပြုလာကြ သည်။

ထို "တင်ပါ့ဘုရား" "မှန်ပါ့ဘုရား"စသည့်စကား လေးလုံးကိုပင် မပြောတတ်မဆိုတတ်သည်ကို ထောက်ဆ၍ လူငယ်များအတွင်း၌ အဘယ်မျှ ဘာသာရေးကိုယ်ခံအား ကျဆင်းနေပြီဆိုခြင်းအား သိနိုင်ပေသည်။ "ဆရာတော် ရှင်မဟာရဋ္ဌသာရ" ၏ ဆုံးမစာကို အားနာဖွယ်ပင်ကောင်းလှပေစွ။

မိဘများအပေါ် ထားရှိသည့်သဘောထားကား အချို့အချို့သော လူငယ်လေးများကိုကြည့်၍ ဒသတိသံဝေဂ ရစရာကောင်းလွန်းလှသည်။ မိခင်နှင့်ဖခင်တို့အား တစ်ခွန်းမကျန် နှုတ်လှန်ထိုးခြင်းအားဖြင့် မိမိတို့အတွက် မည်သို့သော အကျိုးထူး တစ်စုံတစ်ရာရရှိပါသနည်းဟု ဝေဖန်ဆန်းစစ် ကြည့်စေလိုပါသည်။ ပစ္စုပ္ပန်သံသရာမှာ နှစ်ဖြာဘဝလုံးအတွက် ဆိုးကျိုးသာပေးစွမ်းနိုင်သည့် မိမိတို့၏အပြုအမူ၊ အပြောအဆို တို့ကို တတ်နိုင်သမျှ ဆင်ခြင်ကြရန် အထူးလိုအပ်နေချေပြီ။

ထို့ကြောင့် မိဘနှစ်ပါးအတွက် သားသမီးကောင်းများ ဖြစ်ကြ

စေရန် အင်္ဂါ(၁၀)ချက်ကို သိထားသင့်ကြသည်။ ၎င်း(၁၀)ပါးတို့သည် ကား ...

(၁) မိဘစကားကို သဘောရိုးဖြင့် ရိုသေစွာဖြင့် နားထောင် ရမည်။

(၂) မိဘနှစ်ပါးကို လုပ်ကျွေးရမည်။

(၃) ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား ရမည်။

(၄) ရတနာမြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ်ရမည်။

(၅) ငါးပါးသီလကို တတ်စွမ်းသမျှ လုံခြုံအောင် စောင့်ထိန်း ရမည်။

(၆) အလှူခံပုဂ္ဂိုလ်တို့ကို တတ်စွမ်းသမျှ လှူဒါန်း လိုသည့် သဒ္ဓါတရားရှိရမည်။

(၇) ယဉ်ကျေးချိုသာစွာ ပြောဆိုရမည်။

(၈) ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေး သိမ်မွေ့ ရမည်။

(၉) ကံနှင့်ကံ၏အကျိုးပေးကို ယုံကြည်ရမည်။

(၁၀) ဝန်တိုခြင်း မနာလိုခြင်း ကင်းရမည်။

ဖော်ပြပါ အချက်(၁၀)ချက်နှင့် ပြည့်စုံသည့် သားသမီးတို့သည် မိဘတို့အတွက်သားကောင်းသားမြတ်၊ သမီးကောင်း သမီးမြတ်ဖြစ်ကြောင်း လေးလေးနက်နက်နှလုံးသွင်း၍ အတတ်နိုင်ဆုံး ကြိုးစားလိုက်နာဆောင်ရွက်သင့်သည်ဟု တိုက်တွန်းလိုက်ရပါသည်။

❖ ❖ ❖

## ၁၃။ ရခဲလှသည့် အခွင့်အရေးတစ်ခု

ဘုရားရှင်သည် ကျေးဇူးကြီးလှ မိနှင့်ဖတို့အား သားသမီးများက ပြန်လည်၍ကျေးဇူးဆပ်ခွင့်ရဖို့ အရေးသည် ရခဲလှသည့် ဒုလ္လဘတရားဖြစ်ကြောင်း ဟောကြားတော်မူခဲ့သည်။ သားသမီးများက မည်သို့ပင် ကျေးဇူးသိတတ်၍ ကျေးဇူးဆပ်လိုကြသော်လည်း အခွင့်အရေးရမှ၊ အခြေအနေပေးမှသာလျှင် ကျေးဇူးဆပ်နိုင်ကြပါသည်။

ရင်း အခွင့်အရေးသည်ကား ...

(၁) မိဘနှစ်ပါး သက်ရှိထင်ရှားရှိနေခြင်း၊

(၂) မိဘနှစ်ပါးက သားသမီးတို့ကို မှီခိုရမည့် အခြေအနေသို့ ရောက်ရှိနေခြင်း၊

(၃) သားသမီးများကလည်း မိခင်ဖခင်တို့ကို ကျေးဇူးဆပ်လိုသည့် ဆန္ဒရှိခြင်း၊

(၄) သားသမီးများသည်လည်း အသက်ထင်ရှား ရှိနေခြင်း၊

(၅) သားသမီးတို့သည်လည်း မိဘကျေးဇူးပြန် ဆပ်နိုင်သည့် အခြေအနေအခွင့်အတန်းတွင်ရှိ၍ ပစ္စည်းဥစ္စာပြည့်စုံခြင်းတို့ပင်ဖြစ်ပါသည်။

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး မိဘ ဆရာသမားဟူသည့် အနန္တော အနန္တငါးပါးတို့တွင် ဂုဏ်ကျေးဇူးများရှိကြသည်။ သို့သော် ထိုကျေးဇူးများကို ကျေးဇူးသိတတ်သူများသာလျှင် ပြန်လည်ပေးဆပ်နိုင်ကြ၍ ကျေးဇူး မသိတတ်သူများသည် မဆပ်နိုင်သည့်အပြင် အပြစ်ပင် ဖြစ်တတ်လေသည်။

နီတိကျမ်းတို့၌ ဤသို့ ဥပမာပေးထားကြသည်။ ဂင်္ဂါ၊ ယမုန်နာ၊ အစိရဝတီ၊ သရဘူ၊ မဟီ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတို့မှ ရေတို့သည် ရေကောင်းရေသန့်များပင် ဖြစ်ကြသော်လည်း သမုဒ္ဒရာထဲသို့ စီးဆင်းသွားသည့်အခါ ရေငန်များဖြစ်သွားကြလေသည်။ ဤဥပမာအတိုင်းပင် အနန္တော အနန္တငါးပါး၏ ဂုဏ်ကျေးဇူး မည်မျှပင်ကြီးမားစေကာမူ ရေချို ရေကောင်း ရေသန့်များ ရေငန်များ ဖြစ်သွားသည့်နည်းတူ ကျေးဇူးမသိတတ်သူများသည် မည်သို့မျှ ကျေးဇူးမဆပ်နိုင်ကြပေ။

ကျေးဇူးမဆပ်နိုင်သည့်အပြင် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့်ပါ ပြစ်မှားစော်ကားတတ်ကြသည့်အတွက် ဤသို့သော သားသမီးများအဖို့ကား ကြီးမားသည့် အပြစ်ပါ ထပ်မံ၍ရရှိလေသည်။ ထို့ကြောင့် မိဘကျေးဇူးပြန်လည်ပေး ဆပ်နိုင်ဖို့ အခွင့်အရေးသည် အင်မတန်မှ ရခဲလှသည့် အခွင့်အရေးဖြစ်ကြောင်း ကောင်းစွာသဘောပေါက်လျက် တတ်နိုင်သမျှ မိဘကျေးဇူးဆပ်ကြပါရန် အထူးတိုက်တွန်းလိုက်ရပါသည်။

➤ ➤ ➤

## (ယ) မိဘကျေးဇူးဆပ်ခဲ့ကြသူများ

### ၁၄။ သားကောင်းသားမြတ် ကွမ်းဆော်မင်း

သက္ကရာဇ် ၃၂၆ ခုနှစ်တွင် ပုဂံပြည်၌ "ကွမ်းဆော် မင်း" ထီးနန်းစိုးစံတော်မူခဲ့သည်။ ဤမင်း၏ အတိတ်ဇာတ် ကြောင်းကို ပြန်ပြောင်းပြောရမည်ဆိုပါက "တန်နက်မင်း" လက်ထက်တွင် ထိုမင်းကို ခစားသည့် "စလေငခွေး" က လုပ်ကြံ၍ မင်းပြုသည်။ စလေငခွေးမင်း၏ မိဖုရားအဖြစ် မခံလိုသည့် တန်နက်မင်း၏ မိဖုရားသည် ကိုယ်ဝန်အရင့်အမာနှင့် 'ကျောင်းဖြူ'အရပ်သို့ ထွက်ပြေးခဲ့သည်။ ကျောင်းဖြူအရပ်တွင် မွေးဖွားကြီးပြင်းလာပြီး မင်းမှုထမ်းရွက်သည့်အခါ ကွမ်းဆော်ရသည်။



ကျွမ်းဘော်မင်းသားသည် စာချွန်ထုတ်ကို
စောင်ချမ်းမင်းစောင့်နတ်ကို ပူဇော်ပသနေပုံ

ကောင်းထွန်းတာဝ

သားတော်ကွမ်းဆော်သွားသည့်အခါတိုင်း မယ်တော်က စားမြိန်စာထုပ်၍ ပေးသည်။ ကွမ်းဆော်မင်းသားသည် စားမြိန်ထုပ်ကို 'စောင်ချမ်းပင်ကြီး' တစ်ပင်အောက်တွင် နေ့တိုင်းစားသောက်၍ စောင်ချမ်းပင်စောင့်နတ်ကို ပူဇော်ပသသည်။ နတ်ကလည်း ဤသူသည် ငါ့ကို စားဦးစားဖျား ပသ၏။ ရှေ့ဘာဖြစ်မည်နည်းဟု ဆင်ခြင်ကြည့်ရှုလေသည်။ မင်းဖြစ်မည်ကို သိသည့်အတွက် ...

"သင်သည် ငါ့ကို စားဦးနေ့တိုင်းပေးသည်။ သင်ဘုန်းကြီးလိုလျှင် သရဏဂုံနှင့်ငါးပါးသီလကို မြဲစွာဆောက်တည်၊ သစ္စာမှန်စေ၍၊ အနုဿတိ (၁၀)ပါးကို တစ်နေ့ နှစ်ထောင်ပြည့်အောင် စီးဖြန်းပါလေ" ဟု ကိုယ်ထင်ရှားပြ၍ ပြောဆိုလာသည်။ မင်းသားလည်း ထိုအတိုင်းပင်ပြုသည်။ နေ့စဉ် မယ်တော်ကိုလည်း မပြတ်လုပ်ကျွေးပြုစုလေသည်။ မင်းသားလုပ်ကျွေးပြုစုခြင်းသည် အလွန်တရာ သိမ်မွေ့သည်ဟု ဆိုပါသည်။ ရိုသေခြင်း၊ မြတ်နိုးခြင်း၊ မယ်တော် စကားနားထောင်ခြင်းတို့ကိုပင် သိမ်မွေ့စွာ လုပ်ကျွေးသည်ဟု ဆိုလိုရင်းဖြစ်သည်။

တစ်နေ့တွင် ပုဂံပြည်၌ မင်းလောင်းပေါ်မည်ဟု သတင်းကြီးလာသည်။ မင်းသားလည်း မင်းလောင်းကြည့်ရန်အသွား လမ်းတွင်



စောင်ချမ်းမင်စောင့်နတ်သည် ကွမ်းသော်မင်းသားကို သရဏဂုံနှင့် ငါးပါးသီလကို
မြဲစွာ ဆောက်တည်ဖို့ကို ကိုယ်ထင်ပြ၍ ပြောကြားနေပုံ

ကောင်းထွန်းစာပေ

လူအိုယောင်ဆောင်လာသည့် သိကြားမင်း နှင့်တွေ့သည်။ သိကြားမင်းက ...

"လုလင် ဟောဒီမြင်းကို ပုဂံပြည်သို့ ယူသွားပါ၊ ဒီပတ္တမြား ဥသျှောင်နှင့် ပတ္တမြားလက်စွပ်ကိုလည်း ဝတ်ထားပါ၊ သည်လှံနှင့် သည်ဓားကိုလည်း ကိုင်ဆောင်သွားပါ" ဟု မှာကြားသည်။

မင်းသားလည်း သိကြားလူအို ဆိုသည့်အတိုင်းပြု၍ ပုဂံနန်းရင်ပြင်အရောက် ခရီးနှင်လေတော့သည်။ လူအပေါင်းတို့သည်လည်း ကွမ်းဆော်ကိုပင် မင်းလောင်းအဖြစ် ကြိုဆို ကြည့်ရှုနေကြသည်။ ထိုအခါမှသာ ကွမ်းဆော်မင်းသားသည် မင်းလောင်းမှာ သူဖြစ်မှန်းသိတော့သည်။ နန်းတွင်းသို့ ရောက်သော် စောရဟန်းမင်းက "ငါဘုရင်ရှိနေရက်နဲ့ ဘယ်က မင်းလောင်းလဲ" ပြောဆိုနေစဉ်မှာပင် တံခါးစောင့် ကျောက်ထုရုပ်က တွန်းချ၍ အနိစ္စရောက်လေသည်။ ဤသို့ ကွမ်းဆော်မင်း ပုဂံပြည်ထီးနန်းကို စိုးစံ သိမ်းပိုက်ရခြင်း၏ အစိက အကြောင်းရင်းသည်ကား မိခင်ကို ရိုသေစွာလုပ်ကျွေး၍ မိဘစကားနားထောင်ခြင်းကြောင့်သာလျှင် ဖြစ်ပါတော့သည်။

❖ ❖ ❖

## ၁၅။ သားကောင်းသားမြတ် ရာဇကုမာရမင်းသား

ပုဂံရာဇဝင်တွင် ကျေးဇူးသိတတ်သူတစ်ယောက် ရှိသေး၏။ ထိုသူကား "ရာဇကုမာရ"မင်းသားပင်ဖြစ်သည်။ ပုဂံပြည့်ရှင် ကျန်စစ်မင်းကြီးနှင့် သမ္ဘူလ မိဖုရားတို့မှ ဖွားမြင်တော်မူသည့် ရင်သွေးတော် အစစ်ဖြစ်သော်လည်း ခမည်းတော် ကျန်စစ်မင်းကြီးက မြေးတော် အလောင်းစည်သူကို ထီးနန်းအရိုက်အရာ လွှဲအပ်ပြီးဖြစ်၍ မင်းမဖြစ်ခဲ့ရချေ။ တောင်စဉ်ခုနစ်ခရိုင်ကိုသာ စားခဲ့ရရှာသည်။

သို့သော် မင်းသားကား ခမည်းတော်မင်းကြီးအပေါ် နည်းနည်းလေးမှပင် မငြိုငြင်ခဲ့ပေ။ ခမည်းတော် မကျန်းမမာ ဖြစ်နေသည့် အချိန်တွင်, ရွှေဆင်းတုပြုလုပ်ပူဇော်၍ ကုသိုလ် ပြုခဲ့သည်။ ထိုကုသိုလ်၏ အဖို့ဘာဂကိုလည်း ခမည်းတော်အား အမျှပေးဝေသည်။ ကျန်စစ်မင်းကြီးသည် အသက်ရှင်စဉ်မှာပင် သာဓုအနုမောဒနာ ခေါ်ဆို၍ သားတော်၏ ကျေးဇူးသိတတ်မှုကို ကောင်းချီးပေးတော်မူခဲ့သည်။

ဤအကြောင်းနှင့်စပ်လျဉ်း၍ သက္ကရာဇ် ၄၇၄ တွင် ရာဇကုမာရရေးထိုးထားခဲ့သည့် ကျောက်စာသည် ပုဂံ မြင်းကပါ ဂူပြောက်ကြီး ဘုရားအနီး မြစေတီဘုရားမြောက်ဘက်တွင်ရှိ၍ ရာဇကုမာရကျောက်စာဟု ထင်ရှားလှသည်။

ကောင်းထွန်းစာပေ



"ရာဇကုမာရ" မင်းသားသည် ကျွန်စံသားမင်းကြီး မကျန်းမမာ ဖြစ်နေချိန်တွင် ရွှေဆင်းတု ပြုလုပ်၍ ကုသိုလ်ကောင်းမှု ပြုပုံကို ကျွန်စံသားမင်းကြီးသည် သာဓု အနုမောဒနာ ခေါ်ဆို၍ "ရာဇကုမာရ" မင်းသား ကျေးဇူးသိတတ်မှုကို ကောင်းချီးပေးနေပုံ

ကောင်းထွန်းဓာဝ

## ၁၆။ သားကောင်းသားမြတ် အလောင်းမင်းတရားကြီး

ကုန်းဘောင်ခေတ်၊ မြန်မာ့ဦးစွန်းကို စိုက်ထူ၍ အောင်လံ တလူလူလွှင့်ထူခဲ့ပြီး မြန်မာအင်ပါယာကြီးကို ချဲ့ထွင်တည်ထောင်ခဲ့ သည့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် မြန်မာကို ကမ္ဘာ ကစောင့်ကြည့်ရအောင် စွမ်းဆောင်နိုင်ခဲ့သည့် မင်းကောင်းမင်းမြတ် တစ်ပါးသာဖြစ်ပေသည်။

အစကနဦး၌ ရန်သူပေါင်းများစွာကို မြင်းရည်တက် သူ့ရဲ ကောင်းခြောက်ကျိပ်နှင့် ခုခံကာကွယ်တွန်းလှန်ခဲ့သည်။ ထိုပထမဆုံး အောင်ပွဲမှသည် ရန်သူမှန်သမျှ မြူမှမကျန်ရအောင် ချေမှုန်း သုတ်သင်လျက် ကုန်းဘောင်ခေတ်ကို တည်ထောင်တော်မူခဲ့သည်။

အလောင်းမင်းတရားကြီးသည် ၁၁၁၄ ခုနှစ်တွင် နန်းတက်၍ ၁၂၂၂ တွင် နတ်ရွာစံခဲ့လေရာ တိုင်းပြည်အကျိုး ကို (၈)နှစ်မျှသာ ဆောင်ရွက်ကြိုးပမ်းနိုင်ခဲ့သည်။ သို့သော် (၈)နှစ်တာ တိုတောင်းသည့် ဆောင်ရွက်ချက်တန်ဖိုးသည် ယနေ့တိုင် အရှိန်အဝါရှိနေဆဲသာ ဖြစ် ပါသည်။ အလောင်းမင်းတရားကြီးကား သက္ကရာဇ် ၁ဝ၇၆ ခုနှစ်တွင် ဖွားမြင်တော်မူခဲ့သည်။ ပုဂံမျိုးရိုး အင်းဝမိုးညှင်းမင်းတရားကြီး၏ အနွယ်တော်ဖြစ်ပြီး မုဆိုးဖို ဇာတိဖြစ်သည်။

ကောင်းထွဋ်စာပေ

ဤမျှ ကုန်းဘောင်နေဝန်းကို ထွန်းလင်တောက်ပစေတော်မူခဲ့သည့် ဘုန်းတန်ခိုးကြီးမားသော မင်းတရားကြီး ပင်ဖြစ်သော်လည်း စစ်ထိုက်ထွက်ခါနီးတွင် မိဘနှစ်ပါးကို ရှိခိုး–ဝတ်ပြုအရိုအသေပြုတော်မူခဲ့သည်။ မင်းကြီးသည့် မယ်တော် ခမည်းတော်တို့ကို ရှိခိုးပြီးလျှင် လက်ယာလက်ရုံး ဆန္ဒကြုံး တော်မူ၍ ...

"ရဟန်းရှင်လူ ပြည်သူတကာ သာသနာတော် မြတ်စီးပွား၊ ဆွေတော်မျိုးတော်တို့၏ စီးပွားကို ရှက်ဆောင် ၍ မင်းကောရာဇ်အဖြစ်ဖြင့် မယ်တော် ခမည်းတော်တို့၏ ကျေးဇူးကို ဆပ်ပါမည်"

"ငါသို့သော မင်းမြေး မင်းမြစ်ရှိသည့်ဖြစ်လျှင် ဘေးလောင်းတော်တို့၏ အရိုက်အရာ၊ သာသနာတော်၏ အခြေအမြစ်ဖြစ်သော တိုင်းကားရှင်လူ ပြည်သူသတ္တဝါ အပေါင်းတို့ ဆင်းရဲဖြင့် မနှစ်မွှန်းကောင်းပလေ၊ ငါသည်သာလျှင် သတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာဖြစ်စေအံ့"

ဤသို့သော ဘုန်းကံကြီးမားသည့် မင်းတရားကြီး ဖြစ်ပါလျက် မိဘနှစ်ပါးကို ရှိခိုးအရိုအသေပေးမှု၊ ဦးတည်လေးစားမှုတို့ကို ဤခေတ်လူငယ်လေးများ စံနမူနာယူကြစေလိုသည်။ အတုယူကြစေလိုသည်။ အားကျစေလိုပါသည်။

ထို့အပြင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် နတ်မောက်မြို့သို့သွား၍ တရားဟောရာ ပြန်ခါနီးတွင် မိခင်ဖြစ်သူအား ရှိသေစွာ ထိုင်ကန်တော့ခဲ့ သည်ကိုလည်းကောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့် မြန်မာပြည်သို့ ခေတ္တပြန်လာစဉ် သူ၏မိခင်အား ရိုသေမြတ်နိုးလက်အုပ်မိုး၍ ရှိခိုးပူဇော်ခဲ့သည်ဟုလည်းကောင်း ထိုဓာတ်ပုံသည် ရတနာ့မွန်မဂ္ဂဇင်းမျက်နှာဖုံး အဖြစ်ပါရှိခဲ့သည်ကို လည်းကောင်း ဖတ်ရှုမှတ်သားခဲ့ဖူးပါ၏။

ထို့ပြင်တဝ စစ်ဗိုလ်စစ်သားများ မိခင်အား ရှိခိုး ကန်တော့ခြင်းတို့ကိုလည်း တွေ့မြင်ကြားသိရပေသည်။ စစ်သည်တော် တစ်ယောက်သည် ပဝါကိုခင်း၍ မိခင်အား ထိုပဝါပေါ်တွင် ရပ်စေပြီး စစ်သည်တော်သည် နဖူးဖြင့် မိခင်ခြေကိုထိသည်အထိ ရှိခိုးကန်တော့နေခြင်းအား တွေ့မြင်ကြ ရသည်။ ရဟန်းသံဃာတော်တို့က သာခုခေါ်၍ မေတ္တာပို့သ ခဲ့ကြသည့်အကြောင်းကိုလည်းကောင်း၊ ထိုစစ်သည်တော်သည် ယနေ့တိုင် ရှိသေးသည်ဟူ၍ မှတ်သားခဲ့ရပေသည်။ ချီးကျူးစရာ အတုယူစရာ ကောင်းလှပါပေစွတကား။

➤ ➤ ➤



## (၄) နှစ်ဖြာမိဘ လုပ်ကျွေးကြ

### ၁၇။ မိဘကို လုပ်ကျွေးခြင်းဟူသည်

သားကောင်းသားမြတ်ဟူသည် "သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့" ဟူသည့် ဆိုရိုးစကားနှင့်အညီ သားသမီးတို့သည် မိဘနှစ်ပါးအား ရှိခိုးခြင်းဖြင့် လည်းကောင်း၊ ရှာဖွေလုပ်ကိုင်၍ ရလာသည့် ငွေကြေးဖြင့် ထမင်းဟင်းအဖျော်တို့ကို တိုက်ကျွေးခြင်းဖြင့်လည်းကောင်း၊ အိပ်ရာနေရာတို့ကို ပြင်ဆင်လုပ်ကိုင်ပေးခြင်းဖြင့်လည်းကောင်း၊ နှင်းနှိပ်ပေးခြင်း၊ ခြေဆုပ်လက်နယ်ပြုပေးခြင်း စ

သည့် ဝေယျာဝစ္စတို့ဖြင့်လည်းကောင်း၊ ရှိသေလေးစားစွာ ကံသုံးပါး တို့ဖြင့် ဆောင်ရွက်ပေးခြင်းကို ကောင်းမွန်စွာ ပြုစုလုပ် ကျွေးသည်ဟု ခေါ်ပါသည်။

❖ ❖ ❖

## ၁၈။ ငယ်ရွယ်သူတို့၏ တာဝန်များ

မိဘနှစ်ပါးကို ရှာဖွေမကျွေးနိုင်ကြသေးသည့် အရွယ်မ ရောက်ကြသေးသော သားသမီးတို့၌လည်း ထိုက်သင့်သည့်အား လျော်စွာ တာဝန်များရှိကြသည်။ ထိုတာဝန်များသည်ကား ...

(၁) အိပ်ရာဝင်သည့်အခါ မိဘနှစ်ပါးကို ရှိခိုးပြီးမှ အိပ်ရမည်။

(၂) အိပ်ရာထသည်နှင့် မိခင်ဖခင်တို့ မျက်နှာသစ်ရန် ရေကို အဆင်သင့်ထားပေးရမည်။

(၃) မိဘတို့ခိုင်းသည့်အလုပ်ကို သွက်သွက်လက်လက် စိတ် ပါဝင်စားစွာ လုပ်ကိုင်ပေးရမည်။

(၄). ခြေလက်ဆုပ်နယ်ပြုပေးရမည်။

(၅) မိဘတို့၏ အလုပ်များကို အားလပ်ချိန်၌ ကူညီဆောင်ရွက်ပေးရမည်။

✓ (၆) သမီးဖြစ်ပါက မီးဖိုချောင်ကိစ္စတွင် တတ်စွမ်းသမျှ ကူညီရမည်။

✓ (၇) အဝတ်လျှော်ခြင်း၊ ရေခပ်ပေးခြင်း၊ အမှိုက်လှည်းခြင်း၊ တံမြက်စည်းလှည်းခြင်း၊ မိခင်ဖခင်တို့၏ အဝတ်အစားတို့ကို ခေါက်ပေးခြင်း၊ အိပ်ရာခေါက်ခြင်း၊ သိမ်းခြင်းအစရှိသည့် မိမိတို့ လုပ်နိုင်သမျှ လုပ်ကိုင်ဆောင်ရွက်ပေးရမည်။

ဤမျှသောဝတ္တရားတို့ကို ကျေပွန်အောင်လုပ်နိုင်လျှင် မိဘလုပ်ကျွေးသည့် သားသမီးငယ်ဟု အခေါ်ခံနိုင်ပါသည်။

❖ ❖ ❖

## ၁၉။ မိဘကျေးဇူး ကျေအောင်ဆပ်နည်း

ဘုရားရှင်သည် (အင်္ဂုတ္တိုရ်-ဒုက္ကနိပါတ်၊ သမစိတ္တဝဂ်)၌ မိဘကျေးဇူးကျေအောင်ဆပ်သည့်နည်းအား ဟောကြားတော်မူခဲ့ပါသည်။ သားသမီးတို့သည် မိခင်ကို လက်ယာ ပခုံး၊ ဖခင်ကို လက်ဝဲပခုံးပေါ်တွင် တင်ထား၍ အနှစ်တစ်ရာတိုင်တိုင် ကောင်းမြတ်သည့် အစားအစာ၊ အဝတ်အထည် အမျိုးမျိုးတို့ဖြင့် ကျွေးမွေးခြင်း၊ ဝတ်စားဆင်ယင်ပေးခြင်း၊ သန့်ရှင်းစင်ကြယ်အောင် ရေချိုးပေးခြင်း၊ အမွှေးနံ့သာများ လိမ်းကျံပေးခြင်း၊ အညောင်းအညာပြေစေရန် ခြေဆုပ်လက်နယ်ပြုပေးခြင်း၊ ကျင်ကြီး ကျင်ငယ် စသည့် အညစ်အကြေးတို့ကို သုတ်သင်ပေးခြင်း အစရှိသည့် ပြုစုလုပ်ကျွေးခြင်းဖြင့် နေ့စဉ်ထက်သန်သော စေတနာ ကြည်ဖြူသော နှလုံးသားဖြင့် အသက်ဆုံးသည့်တိုင်အောင် ပခုံးထက်ကမချဘဲ ကျေးဇူးဆပ်ကြသည့်တိုင် မိဘကျေးဇူးကား မကျေသေးပေ။

ဤသို့ဆိုလျှင် မည်သို့သော နည်းလမ်းဖြင့် ကျေအောင်ဆပ်နိုင်ပါသနည်း။ ဘုရားရှင်ဟောကြားတော်မူခဲ့သည့် နည်းလမ်းကား အောက်ပါအတိုင်းပင်ဖြစ်ပါသည်။

(၁) သဒ္ဓါတရားမရှိသည့် မိခင်ဖခင်တို့ကို သဒ္ဓါတရားရှိလာအောင် ဆောင်ရွက်ပေးခြင်း၊

(၂) သီလမရှိသည့် မိဘများကို သီလနှင့်ပြည့်စုံလာအောင် ပြုလုပ်ပေးခြင်း၊

(၃) စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းမရှိဘဲ ဝန်တို မစ္ဆရိယရှိသော မိခင်ဖခင်တို့ကို ပေးကမ်းချင် စိတ်ပေါ်လာအောင်ပြုလုပ်ပေးခြင်း၊

(၄) အသိပညာနည်းပါးသည့် မိဘတို့ကို အသိပညာ ရှိလာစေရန် ဆောင်ရွက်ပေးခြင်း၊

(၅) ကိုယ်တိုင် ရဟန်းဝတ်ခြင်း၊ မိဘတို့ကို ရဟန်းခံပေးခြင်း၊ ဟောပြောပြသခြင်း

စသည်ဖြင့် ကျေးဇူးဆပ်နိုင်ကြမှသာလျှင် မွေးကျေးဇူး၊ ကျွေးကျေးဇူး ကျေမည်ဖြစ်သည့်အကြောင်း ဘုရားရှင်ဟောကြားတော်မူခဲ့ပါသည်။ ထို့ကြောင့် ကျေးဇူးဆပ်လိုကြသည့် သားကောင်းသားမြတ် သမီးကောင်းသမီးမြတ်တို့သည် ဘုရားဟောသည့် တရားသဘောဖြင့် ကျေးဇူးဆပ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

❖ ❖ ❖

ကောင်းထွန်းစာပေ

## ၂၀။ စုန်ရေသာရှိ ဆန်ရေမရှိပါ

'မိလိန္ဒပဉှာ'၌ များစွာသော သားသမီးတို့ကို မိခင် ဖခင် တစ်ယောက်တည်းက ပြုစုလုပ်ကျွေးနိုင်သော်လည်း မိခင်နှင့်ဖခင် နှစ်ယောက်ကိုမူ များစွာကုန်သော သားသမီး တို့သည် မိခင်ဖခင်တို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် နေနိုင်ကြစေရန် ပြုစုလုပ်ကျွေးခွင့် ရနိုင်ခဲသည်ဟု မိန့်ဆိုထားပါသည်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်း (မဟာ ဝဂ္ဂသစ္စ သံယုတ် ပဏ္ဏေယျသုတ်)၌ လက်သည်းတော်ဖျားဝယ် မြေမှုန့် အနည်းငယ် တင်ထားပြီး ရဟန်းတို့ကို မေးမြန်းတော်မူလေသည်။

"ချစ်သား ရဟန်းတို့ ... ဤအရာကို မည်သို့ မှတ်ထင် ကြပါသနည်း။ လက်သည်းတော်ဖျားတွင် တင်ထားသည့် မြေမှုန့်နှင့် မဟာပထဝီမြေကြီး ဘယ်အရာက ပို၍များပါသနည်း"

"မှန်လှပါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မဟာ ပထဝီမြေကြီးနှင့် နှိုင်းဆလျှင် ဘုရားရှင်၏ လက်သည်းတော်ဖျားက

မြေမှုန့်သည် ရှိသည်ဟူ၍ပင် မပြောပလောက်ပါ"

"ချစ်သား ရဟန်းတို့ – ထို့အတူပင် မိဘကို ကောင်းစွာ ပြုစုလုပ်ကျွေးကြကုန်သော သားသမီးတို့သည် နည်းပါးကြကုန်၏။ စင်စစ်အားဖြင့် မိဘကို ကောင်းစွာ မလုပ်ကျွေးကြသည့် သားသမီးတို့က ပို၍များကြကုန်၏"

ဘုရားဟော သည့်တရားသဘောကို ထောက်ဆ၍ မိဘကို လုပ်ကျွေးကြသည့် သားသမီး အဘယ်မျှနည်းပါး သည်ဆိုခြင်းအား သိနိုင်ကြပါသည်။ ထိုလူနည်းစုထဲ၌ ပါဝင်နိုင်ရန် သားကောင်း သမီးကောင်းများ ဖြစ်ကြစေရန် မိဘတို့ကို လုပ်ကျွေးကြပါဟု တိုက်တွန်းအပ်ပါသည်။

➤ ➤ ➤



နတ်တို့နှင်း သိကြားမင်းသည် မိဘကို လုပ်ကျွေးခဲ့သည့်အတွက်
သိကြားမင်းဖြစ်ရကြောင်း မိဘကို ပြုစုလုပ်ကျွေးသူတို့အား တာဝတိံသာနတ်တို့က
သူတော်ကောင်းဟု ချီးမွမ်းကြောင်း ငါ သိကြားမင်းသည်လည်း မိဘကို
လုပ်ကျွေးသူတို့အား ရှိခိုးခြင်းဖြစ်ကြောင်း လူပြည်ကို ရှိခိုးနေပုံ

ကောင်းထွဋ်စာပေ

## (စ) မိဘာလုပ်ကျွေး တောင်းကျိုးပေး

**၂၃။ မိဘလုပ်ကျွေးရသည့်အကျိုး**

ကြီးပွားခြင်း၊ တိုးတက်ခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းအကြောင်းသည် မင်္ဂလာမည်၏။ ထို့ကြောင့် မိခင်ဖခင်တို့ကို ပြုစုလုပ်ကျွေးရခြင်းသည် မင်္ဂလာမည်ကြောင်း (၃၈)ဖြာမင်္ဂလာတရားတော်တွင် ဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။

ထို့အပြင် ၎င်းကို လုပ်ကျွေးရခြင်းသည် သိကြားမင်းဖြစ်မည့်အကြောင်းဖြစ်ကြောင်း (သဂ္ဂသံယုတ်)၌ အောက်ပါအတိုင်း ဘုရားရှင်ဟောကြားတော်မူခဲ့သည်။

"နတ်တို့သနင်း သိကြားမင်းသည် မိဘကို လုပ်ကျွေးခဲ့သည့် အတွက် သိကြားမင်းဖြစ်ရကြောင်း၊ မိဘကို ပြုစု လုပ်ကျွေးသူတို့အား တာဝတိံသာနတ်တို့က သူတော်ကောင်းဟု ချီးမွမ်းကြသည်။

ထို့ကြောင့်ပင် ဘုရားအလောင်း အစရှိကြကုန်သော ရှေးက သူတော်ကောင်းသူမြတ်လောင်းကြီးတို့သည် မိမိကိုယ်တိုင် ဆင်းရဲခံ၍လည်းကောင်း၊ မစားဘဲတစ်နည်း၊ မင်းစည်းစိမ်ရာထူးတို့ကို စွန့်၍တစ်ဖုံ၊ အသက်နှင့် ရင်းသင့်က ရင်း၊ ပေးသင့်က ပေး၍ မိခင်ဖခင်တို့ကို ရှိသေလေးစား မြတ်နိုးစွာ ပြုစုလုပ်ကျွေးခဲ့ကြသည်။

သို့ဖြစ်ပါသောကြောင့် ကောင်းကျိုးကို အလိုရှိကြကုန်သော၊ ချမ်းသာကို အလိုရှိကြကုန်သော၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ပညာရေး အစရှိသည့် အရေးပေါင်းစုံတို့တွင် အောင်မြင်မှုကို အလိုရှိကြသည့် ခေတ်လူငယ်သားသမီးများသည် မိခင်ဖခင်တို့ကို ရှိသေလေးစား တန်ဖိုးထား၍ လုပ်ကျွေးကြစေချင်ပါသည်။

❖ ❖ ❖

ကောင်းထွန်းစာပေ

## ၂၂။ မိဘလုပ်ကျွေးရသည့် အကျိုးကျေးဇူးကြောင့်၊ အဆိုအမိန့်များ

(၁) မိဘကို လုပ်ကျွေးသည့်အတွက် ပစ္စုပ္ပန် သံသရာ နှစ်ဖြာဘဝလုံးတွင် ချမ်းသာ၏။

(၂) မိဘကို လုပ်ကျွေးခြင်းကြောင့် ပစ္စုပ္ပန်ဘဝ၌ ပညာရှိ သူတော်ကောင်းတို့ ချီးမွမ်းခြင်းကိုခံရ၍ တမလွန် ဘဝ၌လည်း နတ်ပြည်ရောက်ကာ နတ်ချမ်းသာနှင့် မှန်စွာမသွေ ပြည့်စုံကြလေကုန်၏။

(၃) မိဘကို လုပ်ကျွေးရသည့်အတွက် သွားလေရာရာ ချမ်းသာကို ခံစားရသည်။

(၄) လင်းတမင်းသည် မိဘတို့ကို လုပ်ကျွေးသည့် အတွက် မုဆိုး၏ ကျော့ကွင်းတွင် မိသော်လည်း အသက် ချမ်းသာရာရခဲ့သည်။ (သတ္တ ကနိပါတ်–ဂိဇ္ဈဇာတ်)

(၅) မျောက်ညီနောင်တို့သည် မိခင်ကို လုပ်ကျွေးသည့် အတွက် နတ်ပြည်သို့ ရောက်ကြရသည်။ (ဒုကနိ ပါတ်–စူဠနန္ဒိယဇာတ်)

ကောင်းထွန်းစာပေ

(၆) ကျေးမင်းသည် မိဘနှစ်ပါးကို လုပ်ကျွေး သည့်အတွက် လယ်စောင့်၏ ကျော့ကွင်း၌ မိသော်လည်း အသက်ချမ်းသာပြီး အပူဇော်ခံရသည်။ (သာလိကေဒါရဇာတ်)

(၇) မိဘကို လုပ်ကျွေးခြင်းကြောင့် စီးပွားရှာ၍ လွယ်ကူသည့်အပြင် လက်ရှိရထားသည့် စည်းစိမ်များ မပျက်စီးဘဲ ပစ္စုပ္ပန်ဘဝမှာပင် ချမ်းသာသည်။ (သတ္တတိနိပါတ်–သောဏ နန္ဒဇာတ်)

(၈) နန္ဒိယသမင်သည် မိဘတို့ကို လုပ်ကျွေးသည့် အတွက် ရန်သူ့လက်တွင်း သက်ဆင်းရသော်လည်း အသက်ချမ်းသာ၍ သူနှင့်အတူ တိရစ္ဆာန်အားလုံးပင် ဘေးမဲ့ပေးခံခဲ့ရသည်။ (နန္ဒိယဇာတ်)

(၉) ဥပါသကာနှစ်ယောက်တို့သည် မိဘကို ပြုစုလုပ်ကျွေးရခြင်းကြောင့် မယားယုတ်တို့နှင့် တွေ့ရသည့်တိုင် စိတ်ချမ်းသာပျော်ရွှင်မှုကို ရရှိကြသည်။ (အဋ္ဌကနိပါတ်–ကစ္စာနိဇာတ်)

ကောင်းထွဋ်စာပေ

(၁၀) ဆင်းရဲသား လူပျိုကြီးသည် မိဘတို့ကို လုပ်ကျွေးခဲ့သည့်အတွက် တာဝတိံသာနတ်ပြည်တွင် ဆန်းကြယ်တောက်ပသည့် ဘုံဗိမာန်၌ နတ်သားဖြစ်ရသည်။ (ဝိဿာလတာဝိမာန ဝတ္ထု)

(၁၁) ကူလီအလုပ်ဖြင့် အသက်မွေးရသည့် ဆင်းရဲသားသည် မိခင်ဖခင်တို့ကို လုပ်ကျွေးခဲ့သည့် အတွက် တာဝတိံသာနတ်ပြည်တွင် နန္ဒဝန် ဥယျာဉ်အလားနှစ်သက်ဖွယ် ဗိမာန်၌ နတ်သားဖြစ်ရသည်။ (နန္ဒနဝိမာနဝတ္ထု)

(၁၂) သုတနုဆင်းရဲသားသည် မိခင်ကို လုပ်ကျွေးသည့်အတွက် ဘီလူးစားမခံရသည့်အပြင် သေလမ်းမှငွေလမ်းဖြစ်ရသည်။ (သတ္တကနိပါတ်၊ သုတနုဇာတ်)

(၁၃) အလိနသတ္တုမင်းသားသည် ဖခင်ကို လုပ်ကျွေးသည့်အတွက် ဘီလူးစားမခံရမည့်ဘေးမှ လွတ်မြောက်ခဲ့ရသည်။ (တိံသနိပါတ်၊ ဇယဒ္ဒိသဇာတ်)

ကောင်းမွန်စွာပေ



"သုဝဏ္ဏသာမ" သည် မိဘကို လုပ်ကျွေးသည့်အတွက်
အဆိပ်လူးမြားမှန်သော်လည်း အသက်ချမ်းသာရပုံ

ကောင်းထွန်းစာပေ

(၁၄) သုဝဏ္ဏသာမသည် မိဘတို့ကို လုပ်ကျွေးသည့် အတွက် အဆိပ်လူးမြားမှန်သော်လည်း အသက်ချမ်းသာရပြီး သေသည့်အခါ ဗြဟ္မာပြည်သို့ ရောက်ရသည်။ (မဟာနိပါတ်၊ သုဝဏ္ဏသာမဇာတ်တော်)

(၁၅) မာတုပေါသကဆင်မင်းသည် မိခင်ကို လုပ်ကျွေးသည့်အတွက် အဖမ်းခံရသော်လည်း အသက်ချမ်းသာရာရသည့်အပြင် မင်း၏ ကျွေးမွေးစောင့်ရှောက်ခြင်းကိုပင် ခံယူခဲ့ရသည်။ သေသည့်နောက်တွင်လည်း ဆင်မင်း ရုပ်တုကို ထုလုပ်၍ ပူဇော်ကိုးကွယ်ခံခဲ့ရသည်။ (ကေဒသကနိပါတ်–မာတုပေါသကဇာတ်)

➢ ➢ ➢

## (ဆ) မိဘပြစ်မှား ဆိုးကျိုးများ

### ၂၃။ မိဘမလုပ်ကျွေး ဆိုးကျိုးပေး

မိခင် ဖခင်တို့အား လုပ်ကျွေးနိုင်သည့် အခွင့်အရေးရပါလျက်၊ အခြေအနေနှင့် ပြည့်စုံပါလျက် မလုပ်ကျွေး မပြုစုဘဲ ပစ်ပယ်ထား ကြသည့် သားသမီးတို့သည် အောက်ဖော်ပြပါ ဆိုးကျိုးတို့ကို ခံစား ရရှိမည်ကား သေချာလှသည်။

(၁) လဆုတ်ပက္ခ (လဆုတ်ရက်) ကဲ့သို့ တစ်နေ့ တခြား ပစ္စည်းဥစ္စာ ခြွေရံသင်းပင်းများ ဆုတ်ယုတ်ရသည်။

(၂) အစာရေစာငတ်မွတ်ခေါင်းပါး၍ အနာရောဂါများ ရရှိသည်။

(၃) ဘေးအန္တရာယ်များနှင့် ရင်ဆိုင်တွေ့ကြုံရမည်။

(၄) အသက်ရှည်သော်လည်း ဘုန်းမကြီး။ ဘုန်းကြီးသော်လည်း သက်မရှည်ဖြစ်တတ်သည်။

(၅) ပစ္စုပ္ပန်ဘဝ၌ ပညာရှိသူတော်ကောင်းတို့၏ ကဲ့ရဲ့ခြင်းကိုခံရ၍ တမလွန်ဘဝ၌ အပါယ်လေးဘုံသို့ ကျရောက်ရပြီး ဆင်းရဲကြီးစွာ ခံစားရသည်။

(၆) သွားလေရာ ဘေးတွေ့၍ ဆင်းရဲဒုက္ခရောက်ရသကဲ့သို့ စီးပွားဥစ္စာရှာ၍ မလွယ်သလိုရပြီးသား စည်းစိမ်ဥစ္စာသည်လည်း ပျက်စီးရသည်။

(၇) ဆင်းရဲငြိုငြင်စွာ နေထိုင်ရပြီး နှစ်သက်ဝမ်းမြောက်ခြင်းလုံးဝမရှိ (မိမိဘဝကို ကျေနပ်မှု လုံးဝမရှိ)ဘဲ နေရတတ်သည်။

(၈) သေခါနီး၌ နောင်တ တစ်ဖန်ပူပန်ရပြီး သူယုတ်မာစာရင်း၌ အသွင်းခံရသည်။

ဘုရားရှင်သည်လည်း "သုတ္တနိပါတ်" ၌ နတ်သားတစ်ယောက်အား ...

"အချင်းနတ်သား ... အကြင်သူသည် အိုမင်းရင့် ရော်၍ နောက်ဆုံးအရွယ်သို့ရောက်နေသည့် မိဘတို့ကို လုပ်ကျွေးနိုင်သူဖြစ်ပါလျက် မလုပ်ကျွေး။ ဤသို့ မလုပ်ကျွေးခြင်းသည် ထိုသူ့အတွက် ကောန်ပျက်စီးဆုတ်ယုတ်ခြင်း၏အကြောင်း၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်း၏ အကြောင်းပင် ဖြစ်ပေသည်။

တစ်ဖန်တုံလည်း ... "ပဗ္ဗုပ္ပန်သံသရာ ဘဝနှစ်မျိုးလုံး၌ အကျိုးမဲ့ကို အလိုရှိကြကုန်သော လူမိုက်တို့သည် ဆပ်၍မကုန်နိုင်လောက်အောင် ကြီးမားသည့် ကျေးဇူးရှင် မိဘတို့ကို မလုပ်ကျွေးကြကုန်၊ လုပ်ကျွေးရန်လည်း မသိကြကုန်" ဟု ဟောကြားတော်မူခဲ့ပါသည်။

ထို့အပြင် "အင်္ဂုတ္တရနိကာယ်" ပုဏ္ဏားအား ဘုရားရှင်က ...

"ပုဏ္ဏား .... အကြင်သူသည် အိုမင်း၍ နောက်ဆုံးအရွယ်သို့ရောက်နေသည့် မိဘတို့ကို လုပ်ကျွေးနိုင်စွမ်း ရှိပါလျက် မလုပ်ကျွေးက ထိုသူကို သူယုတ်မာဟုဆိုရ၏" ဟု ဟောကြား

ဆုံးမတော်မူခဲ့ပါသည်။ ထို့ကြောင့် အရှည်မျှော်တွေး၍ ရှေ့ရေးကို ကြိုတင်တွေးဆလျက် မိခင်ဖခင်တို့အား တတ်စွမ်းသမျှ ကျေးဇူးဆပ်နိုင်ကြပါစေဟု စေတနာကောင်းဖြင့် တိုက်တွန်းလိုက်ရပါသည်။

❖ ❖ ❖

## ၂၄။ မိဘပြစ်မှား ဆိုးကျိုးများ

မိခင်ဖခင် ကျေးဇူးရှင်တို့အား ပြစ်မှားကြသည့် သားသမီးများသည် ဆယ်ပါးသော ဆိုးကျိုးတို့ကို ခံစားရသည့်အကြောင်း "မူလပက္ခ"ဇာတ်၌ ဘုရားရှင်ဟောကြား တော်မူခဲ့ပါသည်။ ၎င်း (၁၀) ပါးတို့သည်ကား ....

(၁) အစားအစာရှားပါးခြင်း၊

(၂) သွားလေရာအရပ်၊ ရောက်လေရာအရပ်တို့၌ အကဲ့ရဲ့ခံရခြင်း၊

(၃) သူခိုးဓားပြတို့ နိုင်ထက်စီးနင်း ညှဉ်းပန်းခံရခြင်း။

(၄) ပရိသတ်အလယ်တွင် မနှစ်မြို့ခြင်းကိုခံရပြီး မောင်နှမများအလယ်၌ မြင့်မြတ်သူအဖြစ်သို့ မရောက်နိုင်ခြင်း။

(၅) မကောင်းသည့် သတင်းပျံ့နှံ့ကျော်စောခြင်း။

(၆) စည်းစိမ်အခြံအရံများ ပြိုကွဲခြင်း။

(၇) ကျက်သရေမရှိ မတော့တယ်ခြင်း။

(၈) ဆင် မြင်း ကျွဲ နွား ကောက်ပဲသီးနှံ အလုပ်သမား (ဝန်ထမ်း) စသည်တို့ ပျက်စီးခြင်း။

(၉) မိသားစု အဆိုက်အမြို့ မြဲမြံခိုင်ခံ့စည်ကားခြင်းမရှိဘဲ ပြိုကွဲရခြင်း။

(၁၀) တောင်၊ ချောက်ကမ်းပါး စသည့်တို့မှ ကျတတ်ခြင်း

တို့ပင်ဖြစ်ပါသည်။

မိခင်ဖခင်တို့ကို စော်ကားပြစ်မှားသောသူတို့သည် ဖော်ပြပါ ဆိုးကျိုး (၁၀)ပါးထဲမှ တစ်ပါးပါးကို ပစ္စုပ္ပန်မျက် မှောက်ဘဝမှာပင် လက်တွေ့ခံစားရ၍ တမလွန်တွင် ငရဲသို့ လားရသည်။ ခေတ်လူငယ်များသည် ဆိုးကျိုးကိုသိပြီး ထိတ်လန့်သံဝေဂစိတ်ရှိကြကုန်လျက်

မိခင်ဖခင်တို့ကို ရှိသေစွာ လုပ်ကျွေးနိုင်ကြပါမှ ခြော် ... ကောင်း လှပါပေစွ ...။

ယခု မိဘကို ပြစ်မှား စော်ကားသူတို့ မည်သို့ ခံစားရကြောင်း နီတိဆရာများ၏ အဆိုအမိန့်တို့ကို တင်ပြပါဦးမည်။ နီတိဆရာများ က မိဘကို ပြစ်မှားသော သားသမီးတို့သည် အောက်ဖော်ပြပါ (၁၀) မျိုးသော ဆိုးကျိုးတို့ကို ခံစားရသည်ဟု မိန့်ဆိုကြသည်။ ၎င်းတို့ မှာ ...

(၁) မီးလောင်ခံရခြင်း

(၂) မြွေမျိုခံရခြင်း

(၃) ရေနစ်သေခြင်း

(၄) မိကျောင်းကိုက်ခံရခြင်း

(၅) ကျားဆွဲခံရခြင်း

(၆) ဘီလူးဖမ်းစားခံရခြင်း

(၇) လှေနစ် (လှေမှောက်)၍ သေခြင်း

(၈) ရှူးသွပ်ခြင်း

(၉) ငွေးအန်ခြင်း နှင့်

(၁၀) မိုးကြိုးပစ်ခံရခြင်း တို့ပင်ဖြစ်ပါသည်။

ထို့ပြင် "ဓမ္မပဒ" မောဂ္ဂလာန်မထေရ်ဝတ္ထုတွင် ဘုရားရှင်က မိဘကို ပြစ်မှားစော်ကားသူတို့သည် ...

(၁) ဦးခေါင်း၊ - ဦးနှောက်နှင့်ဆိုင်သော ပြင်းထန်သည့် ရောဂါဝေဒနာများ စွဲကပ်ခံစားရခြင်း၊

(၂) ပစ္စည်းဥစ္စာ စည်းစိမ်ရတနာများ ဆုံးရှုံးရခြင်း၊

(၃) လက်ပြတ်ခြေပြတ် အစရှိသည့် ကိုယ်အင်္ဂါ ပျက်စီးရခြင်း၊

(၄) နူနာ အစရှိသည့် ကြီးမားသော အနာများ စွဲကပ်ခြင်း၊

(၅) စိတ်ဝေဒနာရှင် (ဝါ) အရူးဖြစ်ရခြင်း၊

(၆) မင်းပြစ်မင်းဒဏ်သင့်ခြင်း၊

(၇) ကြီးလေးသောအပြစ်(မှုခင်း)ဖြင့် စွပ်စွဲခံရခြင်း၊

(၈) ဆွေမျိုးများပျက်စီးရခြင်း၊

(၉) စည်းစိမ်ဥစ္စာများ ဆုံးရှုံးပျက်စီးရခြင်း၊



အရှင်မောဂ္ဂလာန် မထေရ်သည် အတိတ်ဘဝသည်  မိန်းမစကား နားယောင်ခဲ့သဖြင့်
မျက်စိမမြင် မိဘကို ရိုက်သတ်ခဲ့သည့်အတွက် ငရဲတွင် နှစ်ရှည်ခံစားရပြီး
ဘဝ (တစ်ရာ) တိုင်တိုင် နိဗ္ဗာန်ဝင်မည့်ဘဝအထိ ဝင့်ကြွေး ပေးဆပ်နေပုံ

ကောင်းထွဋ်စာပေ

(၁၀) အိမ်, နေရာ, ထိုင်ရာ စသည်တို့ကို မီးလောင်ခံရခြင်း တို့ဖြစ်ရကြောင်း ဟောကြားတော်မူခဲ့သည်။

ထို့ပြင် မဃဒေဝလင်္ကာသစ်၌ ကျေးဇူးရှင် မန်လည် ဆရာတော်ဘုရားက ဤသို့ လင်္ကာဖြင့် ဆုံးမတော်မူခဲ့ပါသည်။

"မိဘတို့အား၊ ပြစ်မှားတုံက၊ မိုးပေါ်လကို၊ စိတ်က ငြူစူ၊ ပစ်သောမြှုသည်၊ ပစ်သူကိုသာ၊ ကျရောက်လာသို့၊ မှန်စွာအပြီး နောက်ဦးစီးလျက်၊ မြေကြီးမျိုရှောင်း။ မိကျောင်း သစ်ကျား၊ ဖမ်းစား ဘီလူး၊ ရေကူးလှေမှောက်၊ စိတ်နောက် သွေးအန်၊ ဆက်ပြန်မိုးကြိုး၊ လျှော့ပါးစည်းစိမ်၊ နေအိမ်မီးလောင်၊ ကုန်အောင်ကျမ်းသက်၊ ကျိုး ပျက်အင်္ဂါ၊ နူနာစိတ်ဖောက်၊ ကျရောက်မင်းဒဏ်၊ မမှန်စွပ်စွဲ၊ ဖြိုကွဲ မျိုးဆွေ၊ ရွှေငွေကျွဲနွား၊ ယွင်းဖောက်ပြားသား၊ ဆယ်ပါးမျက်မှောက်၊ ဒဏ်ကြီးရောက်၍၊ နောက်၌အမြဲ၊ သေဖောက်လဲသော်၊ ငရဲကြီးစွာ၊ လားဖို့ရာ၏"။

➤ ➤ ➤

ကောင်းထွန်းစာပေ

## (၈) မိဘပြစ်မှား ငရဲလား

### ၂၅။ သံသရာမှာ မင်းဘယ်ကို သွားမလဲ

အထက်ပါအမေးကို လက်တွေ့အဖြေပေးခဲ့သူသည် ကား လောဟကုမ္ဘီငရဲတွင် ခံနေရသည့် အဖသတ်သား အဇာတသတ် ပင်ဖြစ်သည်။ ဇာတ်ကြောင်းကား အများသိကြသည့်အတိုင်းပင်။ အဇာတသတ်မင်းသား သန္ဓေစသည့်အခါ ဝေဒေဟီမိဖုရားကြီးသည် ဗိမ္ဗိသာရမင်းကြီး၏ လက်မောင်းသွေးကို သောက်လိုသည်ဟု ချင်ခြင်း ဖြစ်လာသည်။



"အဇာတသတ်" မင်းသားလေး နို့စို့အရွယ်တွင် လက်ညှိုး၌ အနာပေါက်၍ မအိပ်နိုင်သောအခါ "ဗိမ္ဗိသာရ" မင်းကြီးသည် ကလေးသက်သာအောင် လက်မှအနာကို အာဂတွင်းမှ ငုံထားနေပုံ

ကောင်းထွဋ်တာပေ

ပရောဟိတ်ပုဏ္ဏားတို့ကို မေးမြန်းသည့်အခါ သန္တေသား သည် ခမည်းတော်ကို လုပ်ကြံလိမ့်မည်ဟု ဟောကြသည့်အတွက် မမွေးမီကပင် အဇာတသတ္တု (အဇာတသတ်) ဟု အမည်ပေးခဲ့ကြ သည်။ ဝေဒေဟီမိဖုရားကြီး မည်သို့ ပြုလုပ်ရမည်နည်းဟု စဉ်းစား ရလေပြီ။ မမြင်ရသည့် ရင်သွေးလေးကို သူမအရမ်းချစ်သည်။ သို့သော် ထိုသားက ဖခင်အရင်းကို သတ်မည့်လူသတ်ကောင်၊ သတ်ခံရမည့် သူက သူမ၏ အရှင်သခင်လင်တော်မောင်ဖြစ်နေသည်။

ထို့ကြောင့် သူမဆုံးဖြတ်ချက်ချပြီး ကိုယ်ဝန်ဖျက်ချခဲ့သည်။ ကိုယ်ဝန်ကား ကံအားလျော်စွာ ဖျက်မကျခဲ့ချေ။ သည်အကြောင်းကို ဗိမ္ဗိသာရမင်းကြီး သိသွားသည့်အခါ မိဖုရားကြီးကို ခေါ်၍ တားမြစ် လေတော့သည်။

"အို–နှမတော်၊ ဘာကြောင့် သားကိုသတ်ရတာလဲ၊ သား တော်ဟာ ရန်သူပဲဖြစ်ဖြစ် ငါ့ကို သတ်မယ့်သူပဲဖြစ်ဖြစ်၊ ငါဟာ သေချိန် တန်ရင် သေရမှာပဲ မဟုတ်လား၊ သားတော်လေးကို မသတ်ပါနဲ့ နှမတော်၊ သားတော်ကို နှမတော် သတ်ပစ်မယ်ဆိုရင် နှမတော်ကို မောင်တော်လုံးဝ မညှာနိုင်ဘူး၊ အပြစ်ပေးရဖွယ်ပလိမ့်မယ်၊ မေတ္တာရပ်ခံ

ပါတယ်ကွယ်၊ သားတော်ဟာ မောင်တော်ကို သတ်လိုရင် သတ်ပါ စေတော့၊ သားတော်လေးရဲ့ မျက်နှာကို မြင်ရရင် မောင်တော်သေ ပျော်ပါပြီ နှမတော်ရယ်"

ခမည်းတော် ဗိမ္ဗိသာရမင်းတရားကြီး၏ မေတ္တာတရားသည် ကား သီတာရေစင်ပမာ တသွင်သွင် စီးဆင်းကျ နေချေပြီတည်း။ ဤသို့ဖြင့် အဇာတသတ်ကို ဖွားမြင်ပြီး အရွယ်ရောက်လာ ထီးနန်းကို ရသည်နှင့် မေတ္တာတရားကြီးမားသည့် ခမည်းတော်ကို ထောင်သွင်း အကျဉ်းချထားလိုက်သည်။ မယ်တော်က ဤသို့မပြုလုပ်ရန် တားမြစ် သော်လည်း လက်မခံ။ ဆရာဒေဝဒတ်စကားမှလွဲ၍ မည်သူ့စကားကိုမှ မနားယူခဲ့သည်ကိ သားမိုက်အဇာတသတ်ပင်ဖြစ်သည်။

တရားမသိသည့်အမှားအတတ်နှင့် သားမိုက် အဇာတသတ် ကြောင့် ခမည်းတော် ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံခဲ့ရရှာလေပြီ။ သောတာပန်အရိယာဖြစ်သော သူ့အပေါ်တွင် မေတ္တာတရားကြီးမား ရှာသော ဖခင်ကို သတ်ခဲ့သည့် အဇာတသတ်၏ တမလွန်ဘဝ သွား ရာလမ်းကား အဘယ်မှာနည်း။ အဇာတသတ်မင်းကား ကာလဝိပါက် နောက်ပိုးတက်ဖို့ အချိန်ကျလာလေပြီ။

ကောင်းထွန်းစာပေ

သူ့ဆရာ ဒေဝဒတ် မြေမျိုခဲ့ပြီးသည့် အချိန်မှစ၍ အဇာတသတ် လုံးဝအိပ်မပျော်တော့ချေ။ ပြုမှားမိခဲ့သည့် အပြစ်များကြောင့် ကြောက်ရွံ့ထိတ်လန့်ကာ အိပ်စက်ခြင်းများက ထွက်ပြေးသွားကြခြင်းပင်။ အတွေးများကလည်း ချာချာလည်နေသည်။ မြေကြီးနှစ်ခြမ်းကွဲပြီး သူ့ကို မြေမျိုတော့မည့်အလား ငရဲမီးလျှံများ မြေကြီးထဲမှ ထွက်လာပြီး သူ့ကို လာဟပ်မှာလည်း အရမ်းကြောက်နေသည်။

မကြာမီ ဆရာဇီဝက၏ ကျေးဇူးကြောင့် ဘုရားရှင်ကို ဖူးမြော်ခွင့်ရခဲ့သည်။ ဘုရားရှင်ထံမှ 'သာမညဖလသုတ်' တရားကို ကြားနာရတော့မှပင် ကြောက်ရွံ့ထိတ်လန့်စိတ်များ ပျောက်၍ ကောင်းစွာ အိပ်စက်နိုင်လာသည်။ ရတနာမြတ်သုံးပါးကို ကြည်ညိုသည့် ဥပါသကာဖြစ်လာခဲ့သလို ပုထုဇဉ်ထဲတွင် ဘုရားရှင်ကို ကြည်ညိုသည့် လူများစွာထဲ၌ အဇာတသတ်မင်း၏ သဒ္ဓါတရားကို မီသူတစ်ဦးမျှ မရှိခဲ့ပေ။

သို့သော် ထိုကုသိုလ်ကံများက အဝီစိငရဲကြီးသို့ မကျရုံလောက်သာ တားဆီးနိုင်ခဲ့၍ လုံးဝကား မကယ်တင်နိုင်ခဲ့ပေ။ အလှည့်ကျလာသည့်အချိန်၌ သားတော် "ဥဒယဘဒ္ဒ" လုပ်ကြံသတ်

ဖြတ်ခြင်းကို ခံခဲ့ရပြီး နတ်ရွာစံခဲ့ရသည်။ သံသရာတွင် မင်းဘယ် သွားမလဲဟု တစ်စုံတစ်ယောက်က မေးလာခဲ့ပါက "ဖခင်ကိုသတ်ခဲ့မိ သည့်အတွက် 'လောဟကုမ္ဘီငရဲ'သို့ ငါသွားရပြီ" ဟု အဖကိုသတ် မင်းကြီးတစ်ယောက် ပြန်ဖြေမှာက သေချာလှပါတော့သည်။

❖ ❖ ❖

## ၂၆။ ငရဲပန်းကို ရွေ့ပန်းထင်သူ

"မိတ္တဝိန္ဒက" ဆိုသည်က တကယ့်ကို မိုက်မဲလွန်းသည့် သားမိုက်။ ဗာရာဏသီပြည် တစ်ပြည်လုံးတွင် သူ့လောက် မိုက်မဲ ရမ်းကားသည့် သားဆိုးသားမိုက် နောက်တစ် ယောက်မရှိလောက် အောင်ပင် မိုက်မဲရမ်းကားလွန်းသူ။ မိခင်က ဘယ်လိုပင် ဆိုဆုံးမ သော်လည်း နားမဝင်သည့်အပြင် တစ်ခွန်းမကျန် ပြန်လှန်ပြောတတ်သူ။

"အမေ၊ လာပြီး မဆုံးမနဲ့ဗျာ၊ ကျုပ်ထင်သလို နေမယ်၊ ကြိုက်တာလုပ်မယ်"



ဓိဗ္ဗဝိန္ဒကမင်းသား အမေကို တွန်းလိုက်ပုံ

ကောင်းထွန်းစာပေ

အမေဖြစ်သူ ဘာများ တတ်နိုင်ပါဦးမည်နည်း။ တစ်ခွန်းမကျန် ပြန်ပြောနေသည့် သားမောင်ကိုကြည့်ပြီး သွားလေသူကို သတိရနေမိသည်။ တစ်နေ့တွင် အမေ့ထံမှ လိမ်လည်ပြီး ဥပုသ်စောင့်ခဲ့သည့်အတွက် ငွေတစ်ထောင်ရသည်။ ထိုငွေဖြင့် ကုန်ကူးခဲ့ရာ ငွေတစ်သိန်းနှစ်သောင်းခန့် စုဆောင်း မိလာသည်။

မိတ္တဝိန္ဒက အကြံကြီးလေပြီ။ သမုဒ္ဒရာကို ကျော်ဖြတ်၍ လှေသင်္ဘောဖြင့် ကုန်ကူးရန် ကြံစည်တော့သည်။ သင်္ဘောထွက်မည့်နေ့ ရောက်သည်အထိ မိခင်ကမသွားရန် တားမြစ်ပြီး လက်ကိုဆွဲထားသည်။ မိတ္တဝိန္ဒက စိတ်မရှည်တော့ပေ။ လက်ကိုအတင်းဆွဲထားသည့် မိခင်ကို မညှာမတာ ရိုက်နှက်လိုက်သည်။ မိခင်လည်း သားရိုက်နှက်သည့်အတွက် မြေသို့လဲကျပြီး ကျန်နေခဲ့ရှာသည်။

သင်္ဘောထွက်လာပြီး တစ်ပတ်ခန့်အကြာ သမုဒ္ဒရာအလယ်တွင် လှေသင်္ဘောကြီးက တုတ်တုတ်ပင်မလှုပ်တော့ဘဲ ကျောက်ကိုင်အလား ရပ်တည်နေလေသည်။ အမျိုးမျိုး ကြိုးစား၍မရသည့်အဆုံးဖွင့် လှေသူကြီးက –



မိတ္တဝိန္ဒကမင်းသား ပြိတ္တာမ (၇) ယောက်နှင့် ပျော်ပါးနေပုံ

ကောင်းထွဋ်ရှတာဝေ

"ဟော့ တို့လှေထဲမှာ လူယုတ်မာတစ်ကောင်ပါလာတာ ကျိန်းသေပဲ၊ ဒါကြောင့် အခုလိုဖြစ်နေတာ၊ ကြာတယ် မဲချမယ်ဟေ့"

သုံးကြိမ်စလုံး မိတ္တဝိန္ဒကသာ ကျသည်။ ဤသို့ဖြင့် လူယုတ်မာတစ်ယောက် ဖောင်နှင့်မျောလာခဲ့ရာ ကျွန်းတစ်ကျွန်းတွင် ပြိတ္တာမလေးယောက်နှင့်တွေ့ပြီး ခုနစ်ရက်တိတိ ကာမဂုဏ်စည်းစိမ်တို့နှင့် ပျော်ပါးနေခဲ့သည်။ ထို့နောက် ဖောင်ဖြင့် ဆက်လက်ထွက်လာခဲ့ရာ ကျွန်းတစ်ကျွန်းသို့ ရောက်ခဲ့ပြီး ထိုကျွန်းမှ ပြိတ္တာမ ရှစ်ယောက်နှင့် ခံစားပျော်ပါး နေခဲ့ပြန်သည်။

သည့်နောက် ပြိတ္တမ တစ်ဆယ့်ခြောက်၊ သုံးဆယ့်နှစ်ယောက်တို့နှင့် တစ်ပတ်စီ ဆက်လက်ခံစားခဲ့ပြန်သည်။ ထိုနေရာမှ ဆက်လက်ထွက်လာခဲ့ရာ သံတံတိုင်းကာရံထား၍ တံခါးလေးပေါက်ရှိသည့် မြို့တစ်မြို့သို့ ရောက်သွားခဲ့သည်။ ထိုမြို့ကား "ဉဿဒ" ငရဲမြို့ပင်ဖြစ်ချေသည်။

မိခင်ကို အမျိုးမျိုးပြန်ပြော၊ ကိုယ်ထိလက်ရောက် ရိုက်နှက်ဆဲဆိုကာ ပြစ်မှားခဲ့သည့် မကောင်းမှုကံ အကျိုးပေးဖို့ အလှည့်ကား



မိတ္တဝိန္ဒကမင်းသား ကြာပန်းတောင်းခံစဉ် ငရဲသားမှ ငြင်းဆန်နေပုံ

ကောင်းထွန်းစာပေ

ကျခဲ့လေပြီ။ သူ့အသိစိတ်ထဲတွင် သင်္ကန်းတုန်းစားစက်ကိုရှက်၍ ဆင်းရဲဒုက္ခခံစားနေရသည့်ငရဲသားကို ပဒုမ္မာကြာပန်းရှက်၍ ကခုန်မြူးတူးနေသူဟု ထင်နေမိသည်။ ထို့ကြောင့် ငရဲသားထံသွား၍ ပဒုမ္မာကြာပန်းကို တောင်းလိုက်သည်။ ငရဲသားက အမှန်အတိုင်းပင် ပြောပြသော်လည်း ယုံကြည်လက်မခံခဲ့ပေ။

နောက်ဆုံးတွင် ပဒုမ္မာကြာပန်းကို အကြိမ်ကြိမ် တောင်းနေသည့်အတွက်ကြောင့်လည်းကောင်း၊ ငရဲသားသည်လည်း ကျွတ်လွတ်ချိန်တန်ပြီဖြစ်သောကြောင့်လည်းကောင်း၊ မိတ္တဝိန္ဒက လူမိုက်ကြီးသည် ငရဲသားခေါင်းပေါ်မှ သင်္ကန်းတုန်းစားစက်ကို သူ့ခေါင်းပေါ်သို့ ရွှေ့ပြောင်းတင်လိုက်တော့သည်။ တင်မိသည်နှင့် တစ်ပြိုင်နက် မိခင်ကို ရိုက်နှက် စော်ကားခဲ့သည့် လူမိုက်ကြီးသည် လည်း ဆင်းရဲဒုက္ခကို မရှုမလှခံစားရလေပြီတည်း။

ထိုအချိန် ဘုရားအလောင်းတော် ရက္ခစိုးနတ်မင်းသည် အခြံအရံများဖြင့် လှည့်လည်ကြည့်ရှုရင်း ထိုငရဲသို့ ရောက်လာခဲ့သည်။ မိတ္တဝိန္ဒကက အလောင်းတော်ရက္ခစိုး နတ်မင်းအား ...



မိဘစကား နားမထောင်သော "မိတ္တဝိန္ဒကမင်းသား" အရှင်လတ်လတ်
ငရဲခံနေရသည်ကို ဘုရားလောင်း ရက္ခစိုးနတ်ကြည့်နေပုံ

ကောင်းသွင်စာပေ

"ကျွန်တော့် ဘယ်လိုမကောင်းမှုတွေ ကျူးလွန်ခဲ့လို့ အခုလို ဆင်းရဲခံနေရတာလဲ ခင်ဗျား"

"သင်ဟာ မိခင်ကို ပြန်ပြောခြင်း၊ ရိုက်နှက်ခြင်းတွေ ပြောဆိုပြုလုပ်ခဲ့တဲ့ အကုသိုလ်ကံကြောင့် အခုလို ဆင်းရဲဒုက္ခခံနေရတာပဲဖြစ်တယ်"

အလောင်းတော် ရုက္ခစိုးနတ်မင်းလည်း ဤသို့ ပြောဆိုပြီးသည်နှင့် ရှေ့ဆက်ထွက်ခွာသွားတော့သည်။ မိခင်ကို စော်ကားပြစ်မှားခဲ့သည့် လူမိုက်ကြီး မိတ္တဝိန္ဒကသည်လည်း ငရဲပန်းကို ရွှေပန်းထင်၍ ဆင်းရဲခြင်း အနန္တကို ခေါင်းတွင်ပန်ဆင်ထားခဲ့ပါလေတော့သတည်း။

(မိတ္တဝိန္ဒကဇာတ်)

❖ ❖ ❖

ကောင်းထွန်းစာပေ

## ၂၇။ ဒီအပူကို ဘယ်သူကလို့ ငြိမ်းနိုင်မလဲ

"စံဝတဲ့ဟာ တစ်ဝတည်းရှိတယ်၊ သတ္တိရှိတဲ့ကောင် ထွက်ခဲ့စမ်း။ ဘယ်ခွေးမှလူထင်တဲ့ကောင်မဟုတ်ဘူး"

ထုံးစံအတိုင်း ကိုစံဝတော့ မူးပြီးယစ်နေပြီ

"သူ့အရှိန်နဲ့သူ လွှတ်ထားလိုက်စမ်းပါကွာ၊ လူသာကြီးတယ် အချိန်မစီးဘူးဆိုတာ ဒီလို လူစားပဲ"

"ဟုတ်တယ်၊ တကယ့် ဆန်ကုန်မြေလေးတဲ့ သားအဖပါပဲကွာ"

ကိုစံဝမူးလာပြီး ရေချိန်ကိုက်လာပြီဆိုသည်နှင့် ရပ်ကွက်ထဲလှည့်၍ ရမ်းတော့သည်။ တစ်ရပ်ကွက်တည်းနေသူချင်း မာတ်သိဖြစ်နေသည့်အပြင် ကိုစံဝ၏ မိခင်ကြီး ဒေါ်ရွှေ၏ မျက်နှာကို ထောက်နေကြသည့်အတွက် ရပ်ကွက်ထဲမှ လူများကသည်းခံနေကြခြင်းပင်။ ယစ်ထုတ်ကြီး ကိုစံဝတွင် ဘုရားတရားနှင့်နေသည့် သူတော်ကောင်း မိခင်ကြီး ဒေါ်ရွှေ နှ ့် ဖခအေတူ စံလှဆိုသည့် သားဆိုးတစ်ယောက်

လည်း ရှိသေးသည်။ ကိုစံဝက မုဆိုးဖို

မိခင်ကြီးကို မကောင်းတတ်၍ ပတ်ဝန်းကျင်က ကဲ့ရဲ့မှာစိုး၍ ဝတ္တရားအရ အိမ်ပေါ်တင်၍ ကျွေးမွေးထားရသော်လည်း စေတနာ လုံးဝမရှိ။ တရားလက်ကိုင်ထားသည့် အိုကြီးအိုမ ဒေါ်ရွှေခမျာ သားဖြစ်သူကျွေးသမျှ ရှောင့်ရဲ တင်းတိမ်နေရရှာသည်။ ကိုစံဝက လမ်းမတော်ဆိပ်ကမ်းတွင် ကုန်ထမ်းသမား။ အလုပ်က မဆင်း တစ်ရက်၊ ဆင်းတစ်ရက်၊ အရက်နှင့် မျက်နှာသစ်ရင်း အချိန်တွေကို ဖြုန်း နေသူဖြစ်သည်။

တစ်ရက်၊ ထိုနေ့က ကိုစံဝ အလုပ်ဆင်းနေသည်။ ဒီအချိန် မှာမင် ပြဿနာက ဝင်လာသည်။ နေ့ခင်းကြောင်တောင် မီးခွက်ထွန်း၍ ပြဿနာရှာလာသည့်ကောင်က ကိုစံဝ၏ သားတော်မောင် ဒေါ်ရွှေ၏ မြေး လူမိုက်ကလေး စံလှပင်။

"ဖွားရွှေရယ် ပြောရမှာလဲ အားနာပါရဲ့"

"ဟင် ဘာဖြစ်လို့လဲကွယ်"

"ဟိုလေ ဖွားအေ့ရွှေမြေး စံလှ ကျွန်မသားလေးကို မတာရှူး ထိုးကြိတ်သွားတယ်၊ အဲဒါလာပြီး တိုင်တာပါပဲ ဖွားရွှေရယ်"

"စံလှအစား အဖွားကပဲ တောင်းပန်ပါတယ် သမီးရယ်၊ ဒီကောင်ပြန်လာရင် အဖွားဆုံးမလိုက်ပါ့မယ်နော် ဟုတ်လားသမီး"

"ဟုတ် – ဟုတ်ကဲ့ပါ ဖွားရွှေ"

ခဏအကြာမှာပင် စံလှ ပြန်ရောက်လာသည်။ အသက်က အခုမှ (၁၃)နှစ်ကျော် (၁၄)နှစ်ထဲ ဝင်ခါစပင် ရှိသေးသည်။ ဆိုးလိုက်တာကလည်း လွန်ရော၊ ဖအေသေွး ပါလာ၍လားမသိ၊ မကောင်းတာမှန်သမျှ တန်ထရိုက်ခွဲ၍ ကျူးလွန်တတ်သည့်ကောင်။

ဒေါ်ရွှေက သားအချစ် မြေးအနှစ်ဆိုသည့် စကားနှင့်အညီ ကာယကံရှင်ကို ကျေနပ်အောင် ပြောလိုက်ရသော်လည်း မြေးဖြစ်သူကို နာကျင်အောင် မရိုက်ရက်သောကြောင့် ဝါးခြမ်းပြားနှင့် တစ်ချက်သာ ရိုက်ပြီး ဆုံးမခဲ့သည်။

ဤသို့ဖြင့် ညနေစောင်းလောက်တွင် ကမ္ဘာကျော် လူမိုက်ကြီး ကိုစံဝ အလုပ်မှ ပြန်လာသည်။ ထုံးစံအတိုင်း ရေချိန်က ကိုက်နေပြီ။

သည့်စဉ်မှာပင် မောင်မိုက်သား စံလှက ဖွားအေရိုက်သည့်ကိစ္စကို ပုံကြီးချဲ့၍ ချွန်တွန်းလုပ်တော့သည်။

"ဘာ – ဘာပြောတယ်၊ သားကို အဖွားက မတရား ရိုက်တယ်၊ ဟုတ်လား သား"

"ဟုတ် – ဟုတ်တယ် အဖေ"

"တောက် တယ် ဒီအဖွားကြီး ...."

ကိုစံဝတစ်ယောက် စကားမဆုံးသေးခင်မှာပင် မူးမူးနှင့် သင့်မသင့် တော်မတော် မစဉ်းစားတော့ဘဲ မိခင်ကို ခြေထောက်ဖြင့် ကန်ချလိုက်တော့သည်။

"ဖြောင်း"

"အမလေး သေ သေပါပြီ"

"မှတ်ထား မတရားရိုက်ချင်ဦး။ ကျုပ်သားကို မရိုက်နဲ့ ကျုပ်မကြိုက်ဘူး၊ မှတ်ထားစမ်းအဖွားကြီး"

အိမ်နီးနားချင်းများက ဝိုင်းဆွဲ၍ တားကြသည့် အတွက်

ကြောင့်သာ ဒေါ်ရွှေခမျာ အသက်မပျောက်ခဲ့ရ ခြင်းပင်ဖြစ်ပါတော့သည်။

-------

ကြမ္မာရဟတ် တစ်ပတ်လည်မည့်အချိန်သို့ ကျရောက်လာခဲ့လေပြီ။ တစ်လခန့်အကြာတွင် ဆိပ်ကမ်းတွင် အရက်နာကျပြီး လဲနေသည့် ကိုစံဝအား ကုန်တင်ကုန်ချ အလုပ်သမားနှစ်ယောက်က လာပို့ကြသည်။ အရက်နာကျ ပြီး အိပ်ရာထဲလဲနေသည့် ကိုစံဝ တစ်ယောက် အဖျားပါဝင် လာသည်။

အဖျားက ဖျားလိုက်သည်မှ အပူရှိန်က လုံးဝမကျ။ ဆေးထိုး ရေခဲတင်သော်လည်း အပူရှိန်ကမကျသည့်အပြင် ခန္ဓာကိုယ်မှ အငွေ့များပင် တရှိန်းရှိန်းထွက်နေသည်။ အပူရှိန်ကြီးလွန်းသည့်အတွက် ကိုစံဝတစ်ယောက် ညည်းညူ အော်ဟစ်နေရသည်။

"ပူတယ် ပူတယ်၊ ပူလိုက်တာ – ငရဲမီး – ငရဲ မီးတွေ လာဟပ်နေပြီ .... အား ပူလိုက်တာ၊ ကယ် ကယ် ကြပါဦး"

အိမ်နီးနားချင်းများက လာကြည့်ရှုသာကြည့်ပြီး မည်သူကမျှ

မသနားကြပေ။ ဤသို့ဖြင့် ခုနစ်ရက်လုံးလုံး ပူလောင်ပြင်းပြသည့် ဝေဒနာကို ခံစားညည်းညူအော်ဟစ် နေခဲ့ရသည့် ကိုစံဝတစ်ယောက် ခုနှစ်ရက်မြောက်နေ့မှာပင် မိုက်ဇာတ်သိမ်းသွားတော့သည်။

ရပ်ကွက်ထဲတွင် တီးတိုးပြောဆိုနေကြသည်ကတော့ ...

"ဖွားရွှေကို ကန့်ချခဲ့တဲ့ အကုသိုလ်ကံကြောင့် ငရဲမီးက ကိုစံဝကို လာဟပ်တာပဲဗျ"

"ငွေလည်တယ်ဆိုတာ ဒါမျိုးပြောတာပဲရှင့်"

ကိုစံဝကို လာဟပ်သည့် ငရဲမီးအပူကို ဘယ်သူ တွေ့ကရော ကျွ၍ ငြိမ်းသတ်နိုင်ပါဦးမည်နည်း။

❖ ❖ ❖

ကောင်းထွန်းစာပေ

## ၂၈။ မြေမျိုခံရ သူ့ဘဝ

နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ သို့သော် ဦးဖိုးညွှက်၏ အသိစိတ်ထဲတွင် ထိုစဉ်က ဖြစ်ခဲ့သည့် အဖြစ်အပျက်များသည် မနေ့တစ်နေ့ကလိုပင် ကြို့မျစ်သစ်လွင်နေဆဲသာ။ ပျောက်သောသူရှာလျှင်တွေ့၊ သေသောသူကြာလျှင်မေ့ဟု ဆိုကြသော်လည်း အသေဆိုးသေခဲ့ရသူ၊ မရှုမလှ ဘဝဇာတ်သိမ်းခဲ့ရသူ သူငယ်ချင်း ပြောကို့ဖြင့် မမေ့နိုင်သည်က ယနေ့ ထိတိုင်ပင်။

သူငယ်ချင်း ပြော၏ အဖြစ်ဆိုးကိုလည်း ဦးဖိုးညွှက် တစ်ယောက် နောင်လာနောက်သားများ ဆင်ခြင်နိုင်ကြစေရန် လက်ဆင့်ကမ်း၍ ပြောပြလာခဲ့သည်မှာပင် မျိုးဆက်နှစ်ဆက်တိုင်ခဲ့လေပြီ။ သူ့ဇာတိက အောင်လံမြို့နယ်အတွင်း "သဖန်းပင်ရွာ" လေးပင်ဖြစ်သည်။ ပြောနှင့် သူက တစ်ရွာတည်းနေ တစ်ရေတည်းသောက် ငယ်ပေါင်း။

ပြောက ဆိုးသည်၊ ဆိုးသည်မှ တာတေလံအောင်ပင် ဆိုးလွန်းသည့်ကောင်၊ သူဆိုးသည်ကတစ်မျိုး၊ အပြင်လူများနှင့် ဆက်

ဆံလျှင် အဆင်ပြေသလောက် မိခင်အပေါ်တွင် အရမ်းဆိုးလွန်းသူပင်ဖြစ်သည်။ မိခင်ပြောသမျှ နားမထောင်သည့်အပြင် တစ်ခွန်းမကျန် ပြန်ပြောတတ်သည့်အပြင် အဆဲလေးက ပါသေးသည်။

ပို၍ဆိုးသည်က စိတ်မထင်လျှင် မထင်သလို မိခင်ကို ဆဲဆိုသည့်အပြင် လက်ကပါ ပါလာတတ်သည်။ ငပြားတွင် သားသမီးသုံးယောက်ရခဲ့သော်လည်း တစ်ယောက်မှ အဖတ်မတင် ငယ်စဉ်ကပင်လောကကြီးထဲမှ ထွက်ခွာသွား ခဲ့ကြသည်။ စတုတ္ထမြောက် သားကျခါမှ အဖတ်တင်၍ ယခု ခုနစ်နှစ်အရွယ်သို့ပင် ရောက်နေလေပြီ။

တစ်ရက်တွင်ပဲဖြစ်သည်။ ငပြား၏ သားကလေးက အိမ်အောက်သို့ဝင်နေစဉ် ဖွားအေ ထမင်းရေငှဲ့ခိုက်နှင့် ကြုံနေသည့်အတွက် ထမင်းရေပူပူလောင်းခံရလေတော့သည်။ ဖြစ်ရပ်က တကယ့်ကို မတော်တဆဖြစ်ရပ်ပင်။ ကလေးက ငိုပြီး ဖခင်ထံ ပြေးသွားသည်။ ငပြား၏ ဒေါသမီးတောက်ကား ပေါက်ကွဲလေပြီထည်း။

သူပေါက်ကွဲနေသည့်သူက မွေးသမိခင် ကျေးဇူးရှင်၊ သူ့ဒေါသမီးက သူ့ကိုပြန်၍ လောင်တော့မည်မှန်း ငပြား မစဉ်းစားနိုင်၊

စဉ်းစားနိုင်သည့် အသိဉာဏ်လည်းသူ့တွင်မရှိချေ။ ဒေါသထွက်ထွက်နှင့်မာတာမိခင် ကျေးဇူးရှင့်ကို ဆဲဆိုကြိမ်းမောင်းရိုက်နှက်လေတော့သည်။

သို့သော်ဒေါသက သည်မျှနှင့်ပင်မပြေသေးဘဲ မိခင့်ကို "လိုက်ခဲ့" ဟုအတင်းဆွဲချပြီး ယာထဲသို့ခေါ်သွားသည်။ ယာခင်းထဲရှိ တဲပေါ်သို့ ရောက်သောအခါ မိခင်ကိုထပ်မံ၍ ဆူပူကြိမ်းမောင်းပြန်သည်။

"ခွေးမ အဖွားကြီးအခုသိမယ် ကျုပ်သားကို ထမင်းရေပူနဲ့ လောင်းတဲ့ ခင်ဗျားကြီးကိုကျုပ်သတ်မယ်."

"သားပြော၊ မင်း–မင်းမှားမယ်၊ မင်းသားလေးငါ့မြေးအိမ်အောက်ဝင်နေတာ မသိလို့ ထမင်းအိုးငှဲ့မိတာပါသားရယ် အမေ့ကိုမသတ် မသတ်ပါနဲ့၊ တောင်း တောင်းပန်ပါတယ်"

မိခင်ကြီးက အမျိုးမျိုး တောင်းပန်ပါသော်လည်း ဒေါသအဆိပ်ငယ်ထိပ်တက်နေသည့် ပြောတစ်ယောက် အမှားအမှန်ကို မဝေခွဲနိုင်တော့ဘဲ မိခင်ကိုသတ်ရန် ပြေးလာသည်။

ကောင်းထွန့်ဓာပေ

သည်ခဏမှာပင် မည်သို့မျှမျှော်လင့်မထားသည့် ဖြစ်ရပ်က လျှပ်တစ်ပြက်အတွင်းမှာပင် ဖြစ်ပေါ်လာသည်။ ဖြစ်ပုံကား ပြေး လာနေသည့် ပြေး၏ခြေထောက်အောက်မှ မြေကြီးသည် ညှပ်ကဲ့သို့ ကျုံ့ကျနိမ့်ဆင်းလာပြီး ပြေးကိုခေါ် သွားခြင်းပင်ဖြစ်သည်။

ပြေးတစ်ယောက် ချက်ချင်းမြေမျိုခံရပြီး ပျောက်ကွယ်သွား ရှာလေပြီတည်း။ ဤသည်မှာ မွေးသမိခင်ကျေးဇူးရှင်ကို ပြစ်မှားသည့် ပြေးအား ဆန်ကုန်မြေလေးသည်ဟု သတ်မှတ်ပြီး မြေကြီးက ဆွဲခေါ်သွားခြင်းပင်ဖြစ်ပါတော့သည်။

"ဝန်ခံချက်" "တည်တော်ဆရာတော်၏" "မိဘ ဟူသည်" နာ ၉၀ မှ "မိခင်ပြစ်မှား၍ မြေမျိုခံရသူ" ကို ဆီလျော်အောင် ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။

❖ ❖ ❖

ကောင်းထွန်းတာဝ

## ၂၉။ ငယ်သော်က သား ကြီးသော်ကျား

"ကိုလှရွှေ ရှင်ကလေးကို သိပ်ပြီး အလိုမလိုက်နဲ့ နော်။"

မင်းအသာနေစမ်းပါ မိန်းမရာ၊ ငါ့သားကို အခုကတည်း ကသောက်တတ် စားတတ်အောင် သင်ပေးရမယ်။ မသောက်မစား လူ့နွား သောက်ဘောက်စားစားလူ့မင်းသားတဲ့ကွ ဟုတ်လားငါ့သား ဘယ်လိုလဲ အဝင်ကောင်းရဲ့လား"

"ရှင် ကြွပ်ကြွပ်အလိုလိုက် တစ်နေ့ရှင့်ကိုရှင့်သားက ပြန် သတ်သွားလိမ့်မယ်"

ဤကဲ့သို့ အပြန်အလှန် ပြောဆိုနေကြသည့် သူနှစ်ယောက် သည် ကိုလှရွှေတို့လင်မယား ပင်ဖြစ်သည်။ ဖခင်ဖြစ်သူ လှရွှေ ၏ပေါင်ပေါ်တွင် ၃–နှစ်သားအရွယ်ကလေးတစ်ယောက်က ထိုင် နေသည်။ သည်ကလေးက လှရွှေတို့ဇနီး မောင်နှံ၏ တစ်ဦးတည်း သော သားဖြစ်သူနီမောင်ပင်ဖြစ်သည်။

ကလေးငယ်၏လက်ထဲတွင်လည်း လက်ဖက်ရည် ပန်းကန် လုံးနှင့် ထည့်ထားသည့် အရက်က လက်နှစ်လုံးခန့် ရှိသည်။ လှရွှေက

သားဖြစ်သူကို အရက်သောက်သင်ပေး နေခြင်းပင်ဖြစ်သည်။ ခင်ပွန်းသည် သားငယ်ကို သည်မျှ အလိုလိုက်နေခြင်းကို မကြိုက်သည့်အတွက် ဇနီးဖြစ်သူကပြောဆိုနေသော်လည်း လုရွှေကမူ လုံးဝအရေးမစိုက်ခဲ့ချေ။

''လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ'' ဟူသည့်စကားကို ပြောင်းပြန်အနက်ထွက်အောင် အရက်သောက်သင်ပေးနေသည့် လုရွှေကိုမည်သို့လျှင် ''လက်ဦးဆရာ'' ဟု ဆိုနိုင်ပါမည်နည်း။

ဤသို့ဖြင့် ရက်ကိုလစား၊ လကိုနှစ်စား၍ အချိန်တွေကုန်လာခဲ့သလို နီမောင်တစ်ယောက် ဆယ့်ခြောက်နှစ်အရွယ်သို့ရောက်၍ လူလားမြောက်လာခဲ့လေပြီ။ ငယ်စဉ်ကပင် သူအလိုလိုက်ခဲ့မြောက်ခဲ့သည့် သားဖြစ်သူကို ယခုအချိန်တွင် လုရွှေမည်သို့မျှမနိုင်တော့ပေ။

ငယ်စဉ်ကတည်းက သူ့ကြောင့်အရက်သောက်တတ်ခဲ့သူ၊ ငယ်စဉ်ကတည်းက သူ့ကို ပြန်၍ဆဲဆိုခဲ့သူ သားလူဆိုးအား ယခုအရွယ်တွင် လုရွှေတစ်ယောက် မည်သို့လျှင် ဆုံးမနိုင်ပါတော့မည်

နည်း။ ယခုဆိုလျှင် အရက်သောက်ရုံမျှတင်မက ဖဲရိုက် ကြက်တိုက်မှစ၍ လောင်းကစားမျိုးစုံကို တတ်ကျွမ်းလာခဲ့ပြီဖြစ်သလို မူးယစ်ဆေးဝါးအမျိုးမျိုးကိုလည်း သုံးစွဲနေ ပြီဖြစ်သည်။

အမေကို ငယ်စဉ်ကကြောက်သော်လည်း ယခု အချိန်တွင် နီမောင် လုံးဝဂရုမစိုက်တော့ပေ။ မိဆိုးမသော်လည်း ဖမဆိုး မခဲ့သည့်အတွက် ငယ်စဉ်ကတည်းက ပျက်စီးခဲ့သည့် နီမောင်၏သွေးသားထဲတွင် မကောင်းသည့် အကျင့်စရိုက်များက ဘိန်းစွဲသလိုစွဲနေလေပြီတည်း။

တစ်ရက်တွင်ဖြစ်သည်။ အချိန်က ညနေစောင်း လုလု၊ အိမ်တွင်လုရွေတစ်ယောက်ပဲရှိသည်။ နီမောင်က အိမ်ကပ်သည့်ကောင်မဟုတ်။ ပြောဆိုဆုံးမ၍ မရတော့မှန်းသိသည့် လုရွှေတစ်ယောက် သူ့အမှားကိုသူသိနေသည်မှာတော့ ကြာလှလေပြီ။ အလိုလိုက်၍ အမိုက်စော်ကားလာသည့်သားကို လက်လျှော့ထားသည်မှာပင် တစ်နှစ်ခန့်ရှိပြီဖြစ်သည်။

ဖနီးသည်က သူ့အမေရှိရာသို့ ခဏသွားလည်သည့် အတွက်

အိမ်တွင် သူတစ်ယောက်တည်း။ ဒါက သူ့အထင် သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အိမ်ထဲမှ တစ်စုံတစ်ခုကို ဖျက်နေသည့် အသံကို ကြားလိုက်ရသည့်အတွက် လှရွှေ ရင်ထဲတွင် စိုးရိမ်စိတ် ဝင်သွားသည်။

"ဟင်–နီမောင်နဲ့တူတယ်၊ ဒီကောင်အိပ်ခန်းထဲမှာ ဘာဝင် လုပ်နေတာလဲမသိဘူး ဒီကောင်ဖုဆေးစွဲနေတယ်လို့ ကြားရတယ် ဒါဆို ဒီကောင် ဒီကောင်––––"

လှရွှေတစ်ယောက် အတွေးပေါက်လာသည်နှင့် ထိုင်ရာ မှထပြီး အိမ်ထဲသို့ ခြေလှမ်းရန် ပြင်လိုက်သည်။ သည့်စဉ်မှာပင် အိမ်ထဲမှထွက်လာသည့် နီမောင်ကိုတွေ့လိုက်ရသည်။ နီမောင် လက်ထဲတွင်လည်း ဆွဲကြိုးတစ်ကုံးကို ဆုပ်ကိုင်ထားတာ တွေ့လိုက် ရသည်။ သူထင်သည့်အတိုင်း ဖြစ်နေသည့်အတွက် လှရွှေ အံတင်း တင်းကြိတ်လိုက်မိသည်။ ဒီဆွဲကြိုးက နီမောင့်အမေကို မင်္ဂလာဦး လက်ဆောင်အဖြစ် သူဝယ်ပေးသည့် အမှတ်တရပစ္စည်း–ဒီကောင် နောက်သို့ လုံးဝ အပါမခံနိုင်။

"နီမောင် – ဒါဘာလုပ်တာလဲ မင်းလက်ထဲက ဆွဲကြိုးကို ဒါပေးစမ်း"

"မပေးဘူးဗျာ . . . လုံးဝမပေးဘူး၊ ခင်မျှားကြီး လာဖယ်ပေးစမ်းဗျာ"

"ဟော့ကောင်၊ မင်း–မင်း ဒီဆွဲကြိုးကိုမယူရဘူး၊ အခု ပြန်ပေး ပြန်ပေးပါကွာ"

တိတ်စမ်း အဖေဆိုပြီး ကျုပ်က ညှာမှာမဟုတ်ဘူး နော်၊ ခင်မျှားကြီး ဖယ်မလား မဖယ်ဘူးလား"

"မဖယ်ဘူးကွာ– မဖယ်ဘူးဟေ့"

ဒီလောက်ဖြစ်လှတဲ့ မသာကြီး သေစမ်းကွာ ရော့"

"ခွပ်"

"အား"

အမိုက်တကော့ထိပ်ခေါင် နီမောင်၏ လက်သီးက အဖေ

ဖြစ်သူ လှရွှေ၏ မျက်နှာကို တိုက်ရိုက်ထိမှန်သွားတော့သည်။ လှရွှေ၏ အော်သံနှင့်အတူ နီမောင်တစ်ယောက်ဆွဲကြိုးကိုယူ၍ အိမ်ပေါ်မှ ဆင်းပြေးသွားပါလေတော့သည်။

ဤကိစ္စဖြစ်ပွားပြီး တစ်ပတ်ခန့်အကြာတွင်ဖြစ်သည်။ အချိန်က နေဝင်ရီသရောအချိန်၊ သည်အချိန်မှာပင် ရပ်ကွက် ထဲမှလူတစ်ယောက်က အကြောင်းကြားလာသည်။

"ကိုလှရွှေ၊ ကားလမ်းဘေးမှာ ခင်ဗျားသားအရိုက်ခံရလို့ တဲ့ဗျ"

"ဟင် - ဟုတ်လား"

သားဖောဖြင့် လှရွှေပြေးတော့သည်။ ရောက်သွားသည့်အခါ သွေးသံရဲရဲဖြင့် ကားလမ်းဘေးတွင်လဲနေသည့် သားဖြစ်သူနီမောင်ကို မြင်လိုက်ရသည်။ ဤသို့ဖြင့် ဆေးရုံ ရောက်ခဲ့ရပြီးနောက် နီမောင် တစ်ယောက် ခေါင်းရိုက်ခံရသည့် ဒဏ်ရာကြောင့် ဦးနှောက်မှုမမှန်တော့ဘဲ အရူးတစ်ပိုင်းဖြစ် သွားတော့သည်။

ဖခင်ဖြစ်သူကို လက်သီးဖြင့်ထိုးခဲ့သည့်အတွက် ဝဋ်လည်

ခြင်းပင်ဖြစ်သည်။ ဖခင်ဖြစ်သူ လူ့ရွှေအတွက်လည်း "ငယ်သော်က သား ကြီးသော်အား" ဖြစ်လာအောင် မှန်မှန်ကန်ကန် နည်းပေးလမ်းပြ မဆုံးမခဲ့သည့်အတွက် ကျားဆိုးတစ်ကောင် ဖြစ်လာခဲ့သည့် သားဖြစ်သူ ကို ကြည့်ကာ စိတ်မကောင်းဖြစ်ရုံကလွဲပြီး ဘာများတတ်နိုင်ပါဦး မည်နည်း။

"ဖြစ်ရပ်မှန်ကို ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။"

❖ ❖ ❖

## ၃၀။ ငယ်သော် သမီး ကြီးသော် မီး

လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ ဆိုသည့် ဆိုရိုးစကားနှင့်အညီ လိမ္မာယဉ်ကျေးသည့် သားသမီး၊ ကျေးဇူးသိတတ်သည့် သားသမီးများဖြစ်လာကြစေဖို့ သွန်သင် ဆုံးမရမည့် တာဝန်မှာ မိဘတို့၏ တာဝန်သာဖြစ်သည်။ အထူးသဖြင့် သမီး မိန်းကလေးရှိသည့် မိဘတို့မှာ ပို၍ သတိပြုသင့်ကြသည်။

သမီးနှင့်ပတ်သက်လာလျှင် ဖခင်ထက် မိခင်က ပို၍ အရေးကြီးသည်။ သမီးတစ်ကောင်ကို ထိန်းရသည်က နွားတစ်ထောင် ထိန်းရသည်ထက်ပိုခက်သည်။ အပြောအဆို အနေအထိုင် အသွားအလာ ဝတ်တာစားတာအဆုံး၊ မိုင်းကောင်း ကျောက်ဖိ မြန်မာ မိန်းကလေး ဝိသစေရန် သွန်သင် ဆုံးမရမည့် တာဝန်မှာ မိခင်၏ တာဝန်သာဖြစ်သည်။

သမီးမိန်းကလေးဟူသည် "ငယ်သော်သမီး ကြီးသော်ထီး" ဖြစ်စေရမည်။ မီးမဖြစ်စေရ။ ထီးဖြစ်မှသာ မိဘများက ခိုလှုံရမည်ဖြစ်၍ မီးနှင့်တူပါက အရှက်တကွဲ အကျိုးနည်းရမည်။ သမီးမဟုတ်သည့်

မီးမကြောင့် မီခင်-ဖခင်၊ မောင်ဘွားပါမကျန် ကူးစက်အလောင်ခံရ၍ သောက ရောက်ရမည်ကား သေချာလှသည်။

သည်အမေနှင့် သည်သမီး (သို့) ဒေါ်ခင်ရွှေနှင့် မစာ၊ မစာဆိုသည်က သူမ၏ အမည်ရင်းမဟုတ်၊ အသံစာစာနှင့် အမေကို ကက်ကက်လန်အောင် ရန်တွေ့တတ်သောကြောင့် မစာဟုခေါ်ခြင်း ဖြစ်သည်။

ဆိုခဲ့သည့်အတိုင်း မစာဆိုသော မိန်းမချောလေးက သမီး မဟုတ်၊ မီးမှ တာတာယ့်မီးခဲမလေးဖြစ်သည်။ အမေဖြစ် သူ ဒေါ်ခင်ရွှေ က တရားသမား၊ မင်းကွန်းယောဂီကြီး။ သို့သော် ဖတဆိုးဖြစ်၍ ငယ်စဉ်ကပင် အလိုလိုက်ထားခဲ့သည့် အတွက် ဒေါ်ခင်ရွှေ မည်သို့မျှ ဆုံးမ၍ မရခဲ့ပေ။

အမေက တစ်ခွန်းပြောလျှင် ဆယ်ခွန်းပြည့်အောင် ပြန်ပြော တတ်သူ။ ယို့အပြင် အိမ်မှုကိစ္စဆို၍လည်း ဘာဆိုဘာမျှမလုပ် ယုတ်စွ အဆုံး ထဘီအကျီကအစ သူမ အဝတ်အစားတို့ကိုပင် ဒေါ်ခင်ရွှေက လျှော်ပေးခဲ့ရသည်။

ကောင်းထွန်းစာပေ

ဤကဲ့သို့ ကြော့ကြော့လေးနေလာခဲ့သည့် မစာ တစ်ယောက် ပြန်ပြောသည်ထက်ပင် ဆိုးဝါးလွန်းသည့် အကြံကို ကြံတော့သည်။ သည်မျှအထိ သူမကို ချစ်မေတ္တာ ပုံပေးပြီး အချစ်ကြီးချစ်ရှာသည့် ယောဂီသူတော်ကောင်းမ ကြီး ဒေါ်ခင်ရွှေကို အဆိပ်ခပ်သတ်ရန် ကြံစည်ခြင်းပင်ဖြစ် သည်။

သို့သော် သူတော်ကောင်း နတ်ကောင်းမလေးရော့ သလား မဆိုနိုင်၊ ဒေါ်ခင်ရွှေ ဘာမှမဖြစ်ခဲ့ပေ။ ဤသည်က လည်း အဆိပ်များ ဝမ်းထဲသို့ မရောက်မီ သိလိုက်သော ကြောင့်သာဖြစ်သည်။

ဒေါ်ခင်ရွှေတွင် ငယ်စဉ်ကတည်းက စွဲမြဲနေသည့် အကျင့် တစ်ခုရှိသည်။ အခြားမဟုတ် ထမင်းစားသည့်အခါတိုင်း ထမင်းဖြူ သုံးဆုပ် ဆုပ်၍ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ" ဟူ၍ သရဏဂုံ သုံးပါးရွတ်ဆို၍ စားသောက် ခဲ့သည့်အကျင့်ပင်ဖြစ်သည်။

ဒီသရဏဂုံ သုံးပါးကပင်လျှင် ဒေါ်ခင်ရွှေ၏ အသက်ကို ကယ်တင်လိုက်ခြင်းဖြစ်သည်။ ထိုနေ့က သမီး လာပေးသည့် ကော်ဖီကို

တစ်ငုံသောက်ကြည့် ပိုက်သည်။ ဒီခနမှာပင် ကော်ဖီထဲတွင် ထူးခြားသည့် ရနံ့တစ်မျိုးပါဝင်နေမှန်း သူသတိထားလိုက်မိသလို သမီးမျက်နှာကလည်း အရင်နှင့်မတူဘဲ ပျက်နေမှန်း ရိပ်မိလိုက်သည်။

ဒေါ်ခင်ရွှေ သိလိုက်လေပြီ။ သမီးဖြစ်သူ သူ့ကို ရက်ရက်စက်စက် အဆိပ်ခတ်သတ်နေပြီမှန်း သိလိုက်သည်နှင့် ငုံထားဆဲဖြစ်သည့် ပါးစပ်ထဲမှ ကော်ဖီကို ထွေးပစ်လိုက်သည်။ ပန်းကန်လုံးထဲမှ ကော်ဖီကို သေသေချာချာ အနံ့ခံပြီး စစ်ဆေးလိုက်ရာ သူထင်သည့်အတိုင်း မှန်နေသည်။

သို့သော် တရားသမားဖြစ်သည့်ကတစ်ကြောင်း၊ သမီးကိုချစ်လွန်းသည့်ကတစ်ကြောင်း၊ အကြောင်းကြောင်းတို့ကြောင့် ပတ်ဝန်းကျင်က မသိအောင် ဖုံးဖိထားခဲ့သည်။ ဤသို့ သူ့ကို သမီးဖြစ်သူ အဆိပ်ခတ်သတ်ရသည့်အကြောင်းကလည်း သွားလေသူ ထားရစ်ခဲ့သည့် အိမ်ထောင်ဦး ပစ္စည်းများဖြစ်သည့် ရွှေဘီးနှင့်ရွှေကြယ်သီးတို့ကို လိုချင်သောကြောင့်ပင်ဖြစ်သည်။

ပတ်ဝန်းကျင်က လုံးဝမသိလိုက်ကြသလို မိခင်ကလည်း

ခွင့်လွှတ်သည့်အတွက် ဒီကိစ္စက ဒီမှာတင် ပြီးဆုံး ပြီဟုဆိုရပေမည်။ သို့သော် အမေဖြစ်သူက ခွင့်လွှတ်ခဲ့သော်လည်း သူမပြုခဲ့သော မကောင်းမှုကံက ခွင့်မလွှတ်ခဲ့သည့်အတွက် ကိစ္စက ဤမျှနှင့် မပြီးခဲ့ပေ။

ဤကိစ္စဖြစ်ပြီး တစ်လခန့်အကြာတွင်ဖြစ်သည်။ ည ခုနစ်နာရီခန့်သာရှိသေးသည်။ မစာတစ်ယောက် အိပ်ရာထဲတွင် လူးလိမ့်အော်ဟစ်ညည်းညူနေသည်။

အကြောင်းကမူ အစားများသည့်အတွက် အစားအသောက်သောင်းကျန်းမိသည့်အတွက် ယခုကဲ့သို့ အော်ဟစ်ညည်းညူ နေရခြင်းသာဖြစ်သည်။ ညတွင်းချင်း ဆေးရုံ တင်လိုက်ရသည်။ သို့သော် သူမကား လုံးဝမသက်သာတော့ချေ။ ထိုနေ့ညမှာပင် အစာအိမ်ပေါက်၍ သေဆုံးရရှာတော့သည်။

ဆိုရပါမူ သူမကို မေတ္တာအပြည့်နှင့်ချစ်ခဲ့သော၊ အစစအရာရာ ကျွန်မကြီးသဖွယ် အောက်ခြေသိမ်းပြုလုပ်ပေးခဲ့သော မွေးသမိခင်ကျေးဇူးရှင် သူ့တော်ကောင်းမကြီးကို ပြစ်မှားစော်ကား အဆိပ်

ခတ်သတ်ရန် ကြိုးစားခဲ့သည့်အတွက် ကံတရားက ဒဏ်ခတ်လိုက်ခြင်း သာဖြစ်သည်။

"ငယ်သော်သမီး၊ ကြီးသော်ထီး" မဖြစ်ခဲ့ဘဲ မီးလို ပူပြင်းစေခဲ့သူ မစာဆိုသော မိန်းမချောလေး၏ သံသရာဘဝ ခရီးလမ်းသည်လည်း ကြမ်းတမ်းခက်ထန်မည်ကား အမှန်ပင်ဖြစ်ပါလေတော့သည်။

(အမည်ပြောင်း၍ ဖြစ်ရပ်မှန်ကို တင်ပြထားခြင်း ဖြစ်ပါသည်။)

❖ ❖ ❖

## ၃၁။ နိဂမကထာဆုမြွေလွှာ

ဤမျှသော အစဉ်ဖြင့် ဤစာစုကား နိဋ္ဌိတံခဲ့လေပြီ။ နိဂုံး အနေနှင့် အထူးတိုက်တွန်းအပ်ပါ၏။ ဤလောကတစ်ခွင် ပတ်ဝန်း ကျင်ဝယ် မိခင် ဖခင်တို့ကို မိဘအရာထား၍ ရှိသေရမှန်း ကိုင်းညွတ် ရမှန်း လေးစားရမှန်း မသိကြသည့် နင်ပဲငဆပြန်ပြောကြသော အချို့ အချို့သော သားဆိုး သမီးဆိုးတို့သည် မကောင်းကိုကြဉ် ကောင်းရာ ယှဉ်လျက် အမှန်မြင်ပြီး ပြုပြင်ကြစေချင်ပါသည်။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း သားကောင်း သမီး ကောင်း၊ သားဆိုးသမီးဆိုးတို့ ခံစားရသည့် ကောင်းကျိုးနှင့် ဆိုးကျိုး တို့ကို သိနားလည်၍ သမိုင်းအဆက်ဆက်တွင် ထင်ရှားခဲ့ကြသည့် သားကောင်းသားမြတ်တို့ကို အတုယူပြီး ဤခေတ်လူငယ် သား သမီးတို့သည် မိဘကျေးဇူး အထူးသိတတ်ပြန်ပေးဆပ်နိုင်ကြသော သားကောင်းသားမြတ် သမီးကောင်းသမီးမြတ်များ ဖြစ်ကြပါစေကြောင်း ပတ္ထနာဆင့် လောင်း ဆုမြွေတောင်းလိုက်ရပါသတည်း။

အရှင်ဒသသနီယ (ခ) သကျဝံသ
ဝိဇိတာရာမကျောင်းတိုက်
ကံလှကျေးရွာ၊ တွံတေးမြို့နယ်။

ကောင်းထွဋ်စာပေ